# The Restoration of All things

# ခပ်သိမ်းသော အရာအားလုံး ပြန်လည် သိမ်းဆည်းခြင်း

Dr. Stephen E. Jones
God's Kingdom Ministries

# မာတိကာ


အခန်း (၁) ဖြောင့်မတ်စွာ တရားစီရင်ခြင်း

အခန်း (၂) တစ်လောကလုံး ကယ်တင်မည့် အယူဝါဒနှင့် ပြန်လည် သိမ်းဆည်းရေးဝါဒ

အခန်း (၃) သက်တမ်းကာလ

အခန်း (၄) လူတိုင်း ဒူးထောက်ဝန်ခံခြင်း

အခန်း (၅) အာဒံနှင့် ယေရှုခရစ်တော်

အခန်း (၆) အရာခပ်သိမ်းကို ခြေတော်ရင်း၌ပြန်လည်ထားရှိခြင်း

အခန်း (၇) ပြန်လည်ရွေးချယ်ခြင်း နည်းဥပဒေများ

အခန်း (၈) သားရဲ (၄)ကောင်၏ ဝန်ခံခြင်း

အခန်း (၉) ဒါဝိဒ်မင်း၏ ပရောဖက်ပြုချက်များ


The Restoration of All things

**ခပ်သိမ်းသော အရာအားလုံး ပြန်လည် သိမ်းဆည်းခြင်း**

# အခန်း(၁)
# ဖြောင့်မတ်စွာ တရားစီရင်ခြင်း

**တမန်တော် (၃း၂၀–၂၁)**

သင်တို့အဖို့အလို့ငှာ ခန့်ထားတော်မူနှင့်သော ယေရှုခရစ်ကို စေလွှတ် တော်မူမည်အကြောင်း သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြ လော့။ ကမ္ဘာဦးမှစ၍ သန့်ရှင်းသော ပရောဖက် ဆရာတို့နှုတ်ဖြင့် ဘုရားသခင် ဗျာဒိတ်ထားတော်မူသော ထိုကပ်ကာလအလုံးစုံ သောအရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလ မရောက်မှီတိုင်အောင် ကောင်းကင်ဘုံသည် ထိုခရစ်တော်က ခံယူသိမ်းဆည်းမည်။

**ဧလိယ၏ သာသနာ့အဓိက လုပ်ဆောင်ချက်များ**

အလုံးစုံတို့ကို ပြုပြင်ခြင်းဖြစ်ပြီး အရာအားလုံး ပြန်လည်ထူထောင်ခြင်းမှာ မဿဲ (၁၇း၁၁)၊ တမန်တော် (၃း၂၁)၏ ဖော်ပြချက်အရလည်း ပြန်လည် ပြုပြင်ခြင်း သာသနာ့လုပ်ငန်းသည် ဓမ္မဟောင်းကျမ်းအားလုံး၏ အဓိက ပရောဖက်ပြုချက်ဖြစ် ပြောင်းလဲတွေ့ရှိရသည်။

ထို့ကြောင့် အလုံးစုံတို့ကို အသစ်ပြုပြင်ခြင်းအချက်သည် ဓမ္မဟောင်း၌ အရေးကြီးကြောင်း ဖော်ပြထားသည်။

ကမ္ဘာလောကကြီး ဖောက်ပြန်သွားသည့် အချိန်မှစ၍ ပြန်လည် ပြုပြင်ရန် လိုအပ်နေခဲ့သည်။ အထက်ကျမ်းပိုဒ်ဖော်ပြချက်အရ ပျက်ဆီးယိုယွင်းနေသော အရာအားလုံးကို အသစ် ပြုပြင်ရန်ဖြစ်သည်။ ကောင်းကင်ဘုံသည် ယေရှု ခရစ်တော်ကို ခံယူသိမ်းဆည်းထားပေမည်။ ခရစ်ယာန်များက ယေရှုခရစ်တော်ကို ဒုတိယအကြိမ် ပြန်လည်ကြွဆင်းလာမည်ကို ယုံကြည်နေမှုအား အချို့သော သာသနာပလူတို့သည် ရူးသွပ်မှုဟု မြင်ကြသည်။ ပြန်လည် အသစ်ပြုပြင်ရန် ဆိုသည့် ရည်ရွယ်ချက်အစား အမျက်ဒေါသဖြင့် လောကို စီရင်ရန် ကြွဆင်းလာ မည်ဟု နားလည် သဘောပေါက်သောကြောင့်ဖြစ်သည်။ ယေရှုက တစ်လောက လုံးကို တရားစီရင်ရန် ဖြစ်သော်လည်း၊ စီရင်ခြင်းအားလုံးသည် သူ့ကို လက်ခံရန် ဖြစ်သည်။ (ယောဟန် – ၅း၂၇)။

သို့သော် တရားစီရင်ခြင်းစကားလုံးသည် ရှုတ်ချခြင်း အဓိပ္ပာယ် မထွက်ပေ။ ထို့ကြောင့် ဂရိစကားလုံး တရားစီရင်ခြင်း ဝေါဟာရအဓိပ္ပာယ်မှာ ဆိုးခြင်း၊ ကောင်းခြင်းကို ပိုင်းခြားသိနိုင်ခြင်းဖြစ်သည်။ ခရစ်တော်သည် အပြစ်သား များအားလုံးကို သူ့အားဖြင့် ပြန်လည်ပေးဆပ်ခြင်းနှင့် မှန်ကန်စွာ တရားသေ လွှတ်မြောက်ရန် စီရင်ခြင်းဖြစ်သည်။

တရားစီရင်ပုံစံသည် နှလုံးသားမှ ထွက်ပေါ်လာသော ချစ်ခြင်းမေတ္တာဖြင့် ပြန်လည် လုပ်ဆောင်ခြင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာအားဖြင့် သမ္မာတရားလမ်းသို့ ပို့ဆောင်ခြင်း နည်းဥပဒေ အရ အပြစ်သားများအား တရားစီရင်မှုမှတဆင့် မိမိကိုယ်ကို ဗဟိုပြုခြင်း၊ လည်ပင်း ခိုင်မာခြင်း ရှိနေသောကြောင့် ဥပဒေသည် ရှုဒေါင့်ဖြင့်ကြည့်လျှင် မကောင်းဆိုးဝါးသဖွယ် ဖြစ်နေသော် ကျန် အမှန်တကယ်မှာ မှားယွင်းသော ထင်မြင်ချက်ဖြစ်သည်။ ဥပဒေ၏ရည်ရွယ်ချက်မှာ အပြစ်သားများကို မှန်ကန်စေရန် ဖြစ်သည်။ ဘုရားသခင်ထံတော်ပါးမှ သက်ရောက်လာသော စီရင် ခြင်းများသည် အသစ်ပြုပြင်ပေးရန်ဖြစ်သည်။ ဥပဒေသည် အပြစ်ကို ဖျက်ဆီးပစ်ပြီး အပြစ်သားကို မရုပ်သိမ်းပေ။

အနှစ် (၁၀၀၀)ကာလတွင်း ခရစ်တော်နှင့်အတူ ယဇ်ပုရောဟိတ်အနေဖြင့် စိုးစံလိုပါက သမ္မာတရားသားကို သိကျွမ်းလျက် အကောင်းဆုံး အသက်ရှင်ရန်လိုအပ်သည်။ (ဗျာ – ၂၀း၆၁) ဓမ္မကျောင်းသို့သွား၍ နှုတ်ကပတ်တော်ကို လေ့လာရမည်ဟု ပြောနေခြင်းမဟုတ်ဘဲ သမ္မာကျမ်းစာ၌ မည်ကဲ့သို့ တရားစီရင်ခြင်းကို လေ့လာရန် လိုအပ်သည်။

ရှင်ပေါလုက (၁ကော ၆း၂–၃)မှာ သန့်ရှင်းသူတို့သည် လောကီနိုင်ငံကို တရားစီရင်မည်ဟု မသိကြသလော။ သင်သည် လောကီနိုင်ငံကို စီရင်ရ သည်မှန်လျှင် အငယ်ဆုံးသော အမှုများကို မစီရင်ထိုက်သလော။ ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်ရမည်ဟု မသိကြသလော။ သို့ပြုလျှင် လောကီအမှုကို စီရင်ထိုက်သည် မဟုတ်လော။

သခင်ယေရှုခရစ်တော် တစ်ပါးတည်းသာလျှင် လောကီကို တရားစီရင်ရန် ဖြစ်သည်။ (မဿဲ–၇း၁)တွင် သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းဖြင့် ကင်းလွတ်ရမည်အကြောင်း သူတစ်ပါးအမှုကိုစစ်ကြောခြင်းကို မပြုကြနှင့်။ ရှင်ပေါလုသည် ကောရိန္တုအသင်းတော်နှင့်ပတ်သက်၍ သူတို့၏ အတွင်းသဏ္ဍာန်ကို ဝေဖန်ထားသည်။ (၁ကော – ၅း၄–၅)။

ရင့်ကျက်သော ယုံကြည်သူတစ်ဦးသည် ဥပဒေကို နားလည်ရမည်။ မှန်ကန်စွာ တရားစီရင်ခြင်းကိုလည်း နားလည်ရမည်။ ဘုရားရှင်၏ ဥပဒေအရ သူ၏ လက်ရှိ အသက်တာကို ရေတွက်နိုင်ရမည်။ သူ၏ တရားစီရင်မှုကို နာခံ ရမည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ပုဂ္ဂိုလ်ရေး အတွေ့အကြုံ အားဖြင့် သူ့အား သွန်သင်သည်။ သူသည် တရားစီရင်ခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံ ရှိသည်။

အတိတ်ကာလ၌ ဘုရားသခင်သည် စီရင်ခြင်း၌ ဧလိယ၏ အမှုတော် မြတ်တွင် အရာခပ်သိမ်း ပြန်လည်သိမ်းဆည်းရမည်ဟု သခင်ယေရှုက သွန်သင် ထားသည်။ ရှင်ပေါလု အယူဆကို (၂ကော ၅း၁၄–၁၅) ၌ –

"လူအပေါင်းတို့သည် သေလျက် နေကြသည်ဟူ၍လည်းကောင်း၊ အသက်ရှင်သောသူတို့သည် တဖန် ကိုယ့်အလိုသို့လိုက်၍ မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှ ထမြောက်တော်မူသော အလိုသို့ လိုက်၍ ရှင်စေမည်အကြောင်း" ဖော်ပြထားသည်။

ခရစ်တော်သည် လူသားအားလုံးကိုယ်စား အသေခံခဲ့သည်။ လူသည် သေခြင်း အမျိုးဖြစ်သည်။ ထို့ကြောင့် လူသားတစ်ရပ်လုံးကိုယ်စား အသေခံပြီး ပြန်လည်ရှင်ပြန်ထမြောက်ခဲ့သည်။ ရှင်ပေါလုက ခရစ်တော်သည် သံတမန်ဖြစ်ပြီး သူ၏ နိုင်ငံတော်အတွက် သတင်းကောင်းပေးခဲ့သည်။

ခရစ်တော်အားဖြင့် ပြန်လည်သင့်မြတ်ခြင်းကို ရရှိခဲ့သည်။ ယုံကြည်သူများသည် မယုံကြည်သူ များအား သတင်းကောင်းပေးသောသူများဖြစ်သည်။ သတင်းကောင်းဆိုသည်မှာ ဘာကိုဆိုလို သနည်း၊ အမျက်ထွက်နေသော ဘုရားသခင်သည် အပြစ်သားကို ဘယ်လိုစီရင်မလဲ ၊ ၎င်းစကားနှင့် ပတ်သက်၍ တမန်တော် ရှင်ပေါလုသည် လေးလေးနက်နက် အချိန်ယူစဉ်းစားခဲ့သည်။ သူ၏ သွန်သင်ချက် အရ ကျွန်ုပ်တို့ယုံကြည်သူများသည် သံတမန်များ ဖြစ်ကြသည်။

သံတမန်ဆိုသည်မှာ သူ့နိုင်ငံကိုယ်စား ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ ယေရှု ခရစ်တော်သည် ဤလောကီ၏ သံတမန်ဖြစ်သည်။ ဘုရားသခင်က ယေရှု ခရစ်တော်အား ဤလောကကို ပြန်လည်သင့်မြတ်စေရန် ပေးခဲ့သည်။

□□□□□□□□□□□

## အခန်း(၂)
## တစ်လောကလုံး ကယ်တင်မည့်အယူဝါဒ နှင့် ပြန်လည်သိမ်းဆည်းရေး အယူဝါဒ

(မဿဲ ၇း၁)မှာ ယေရှုက တရားစီရင်ခြင်းနှင့်ပတ်သက်၍ သွန်သင်ထား ပြီး ရှင်ပေါလုကလည်း (၁ကော – ၆း၂) မှာ ယင်းကဲ့သို့ ဖော်ပြထားသည်။ တရားစီရင်ခြင်းသည် ကျွန်ုပ်တို့အား နေ့စဉ် စိန်ခေါ်ချက်များဖြစ်သည်။ စိန်ခေါ် ချက်သည် မည်သည့်အရာက မှားသည်၊ မှန်သည်ကို စဉ်းစားဆင်ခြင်ရန် ဖြစ်သည်။ စီရင်ချက်များ ဆုံးဖြတ်သည့်အခါ ဝိညာဉ်ပိုင်း နှင့်သက်ဆိုင်သည်။ အာဏာတော် ကို ဘုရားသခင်က ပေးထားသည်။ (ရောမ–၁၃း၁၊ ယော ၅း၂၇) ယေရှုကလည်း ရုပ်ပိုင်းအမြင်မဟုတ်ဘဲ ဝိညာဉ်ပိုင်းနှင့်ဆိုင်သော ခွန်အားဖြင့် စီရင်ရန် ဖြစ်သည်။ ၎င်းကို ခမည်းတော်အားဖြင့်သာ စီရင်ရမည်။ စီရင်မှုအားလုံးကို ပြစ်တင်ရှုတ်ချ ခြင်း ရှိပါက ပြတ်သားမှုမရှိနိုင်ချေ။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် လူတို့၏ ဖြောင့်မတ်ခြင်း မတူချေ။ ဘုရားသခင်၏ ဖြောင့်မတ်စွာစီရင်ခြင်းသည် စည်းမျဉ်းဥပဒေနှင့် အာဏာစက်ကို ကြောက်ရွံ့ခြင်းဖြစ်သည်။ ၎င်းကို နှုတ်ကပတ်တော် လေ့လာခြင်းဖြင့် သိနိုင်သည်။ အထူးသဖြင့် ဝိညာဉ်ပိုင်းနှင့်ဆိုင်သော ဉာဏ်ပညာ၊ အသိပညာနှင့် ဆုံးဖြတ်ခြင်းဖြစ်သည်။ (၁ကော – ၁၂း၈–၁၀)၊ (၂တိ – ၂း၁၅)သည် ထိရောက်သော သမ္မာတရားအတွက် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းသော ဝိညာဉ်တော်သည် အမှန်တရားကို ဦးဆောင်သည်။ (ယော–၁၆း၁၃)

ခရစ်တော်ကို သမ္မာတရားနှင့်ရော ဝိညာဉ်သဘောနှင့်ပါ ဝတ်ပြု ကိုးကွယ် ရမည်။ လူတို့သည် ကျမ်းစာကို လေ့လာသောအခါ သမ္မာတရားဘက်ကသာ အလေးထား လေ့လာ လေ့ရှိသည်။ ဝိညာဉ်ပိုင်းကို လစ်လျူရှုလေ့ရှိသည်။ ဝိညာဉ် ဆုကျေးဇူးရရှိရန် အရေးကြီးသည်။

(မဿဲ – ၅း၁၇–၁၉)၌ ရှင်ပေါလုသည် ၎င်းကို အခိုင်အမာပြောထားသည်။ တဖန် (ရောမ ၃း၃၁) ၌ ရှင်ပေါလုသည် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ (ရောမ – ၃း၃၀)မှာ အပြစ်နှင့်ပတ်သက်သော အသိပညာကို ပေးထားသည်။ ရှင်ယောဟန်ကလည်း အပြစ်၌ ဥပဒေမရှိဟု ဖော်ပြထားသည်။ (ယော–၃း၄)

သို့ရာတွင် ဥပဒေဖယ်ရှားခြင်းသည် အပြစ်၏ ဆိုးကျိုးကို သက်ရောက် စေသည်။ အပြစ်ကို ဝန်ခံခြင်းအားဖြင့် တရားစီရင်ခြင်းမှ လွတ်မြောက်စေသည်။ အစိုးရသည် အသင်းတော်ကို ပံ့ဆောင်သည်။

(ရောမ – ၄း၁၅)၌ ပညတ်တရားသည် အမျက်ဒေါသနှင့် ဆိုင်သည်။ ပညတ်တရားမရှိလျှင် ကျူးလွန်ခြင်းအပြစ် မရှိနိုင်ချေ။ ၎င်းကျမ်းချက်သည် နည်းဥပဒေနှင့် ယေရှုကားတိုင်ပေါ် အပြစ်အတွက် အသေခံခြင်းကို ဖော်ပြထား သည်။

(၂ကော –၅)သည် ပြန်လည် သင့်မြတ်ရေးအကြောင်းကို တွေ့ရသည်။ ဘုရားသခင်သည် ကမ္ဘာလောကကြီးထဲသို့ ကျူးကျော်ဝင်ရောက်ခြင်း မဟုတ်ပေ။ လူတို့အမြင်ဖြင့် တစ်ချို့ရာစုနှစ်များတွင် တရားဥပဒေဖြင့် ကားတိုင်ကို အဝေးသို့ တွန်းထုတ်ခြင်းမဟုတ်ဘဲ အပြစ်စီရင်ခြင်း အတွက်သာဖြစ်သည်။ လူတိုင်းကို ကယ်တင်ရန် စီရင်ခြင်းဖြစ်သည်။ ဥပဒေမရှိပါက အပြစ်မစီရင်နိုင် ဟု ရှင်ပေါလုက (ရောမ – ၄း၁၅)မှာ သွန်သင်ထားသည်။

လူသားမျိုးနွယ်အားလုံးကို ကယ်တင်ရန်ဖြစ်သည်။ အားလုံးကို သား/သမီး အဖြစ် သတ်မှတ်ခဲ့သည်။ လောက ကယ်တင်မည့် အယူဝါဒီများသည် နည်းဥပဒေ ကို ရိုးရှင်းစွာ ပြောကြရမည်။ ဤသည်မှာ လူသားတစ်ရပ်လုံး ပြန်လည် ကယ်တင်ခြင်း အယူဝါဒအကြောင်း ဆွေးနွေးနေခြင်းဖြစ်သည်။

အာဒံကြောင့် လူသားတစ်ရပ်လုံးသေ၏။ သို့သော် ခရစ်တော်အားဖြင့် လူသားတစ်ရပ်လုံး အသက်ရှင်ခွင့်ရခဲ့၏။ (၁ကော – ၁၅း၂၂)။ ပြန်လည်ရှင်ပြန် ထမြောက်ခြင်းမှာ တစ်ကြိမ်မက ဖြစ်လိမ့်မည်။ (ဗျာ – ၂၀း၄–၆)

ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထမြောက်ခြင်း၌ ယုံကြည်သူနှင့် မယုံကြည်သူများပါ ထမြောက်မည်။ (ဗျာ – ၂၀း၁၁–၁၃)။ ဒုတိယအကြိမ် ရှင်ပြန် ထမြောက်ပြီးနောက် မယုံကြည်သူများသည် ခရစ်တော်က အနှစ်(၁၀၀၀)အုပ်စိုး ခြင်း ကင်းပေးလိမ့်မည်။ (ယော ၅း၂၈–၂၉၊ လု – ၁၂း၄၆)မှာ ဖြူစင်သော ပလ္လင်တော် ပေါ်လာမည်။ အသက်စာစောင်၌ မပါသူများသည် မီးအိုင်ထဲသို့ ပစ်ချ ခြင်းခံရမည်။ မီးအိုင်ထဲ၌ အသက်ရှင်ရလိမ့်မည်။ (လုကာ – ၁၂း၄၆–၄၉)မှာ သူတစ်ပါးကို လမ်းမှားသို့ သွန်သင်သော အမှုတော်ဆောင်များသည်လည်း ဒဏ်ပေးခြင်းဆုကို ရမည်ဟု ဖော်ပြထားသည်။

တတိယအုပ်စုမှာ ကိုယ်တိုင် မယုံကြည်သူများဖြစ်သည်။ ယုဘီလ ဥပဒေကို စောင့်စား နေရမည်။ အဘယ့်ကြောင့်ဆိုသော် ယုဘီလနှင့် လွတ်မြောက်ခြင်း အခွင့်ကိုရ၏။ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေ၏။ (ရောမ – ၈း၂၁)

အဓိကအချက်မှာ လောကီ ကယ်တင်ခြင်း အယူဝါဒနှင့် ပြန်လည် ထူထောင်ခြင်းဖြစ်သည်။ ၎င်းသည် ဘုရားသခင်နှင့်ဆိုင်သော စီရင်ခြင်းဖြစ်၏။ တစ်နည်းအားဖြင့် ဝိညာဉ်ဖွံ့ဖြိုးခြင်းသော်လည်းကောင်း၊ ကျော်လွန်ခဲ့သော ကာလသော်လည်းကောင်း တာဝန်ယူခြင်း၌ မည်သည့်အရာမျှ လုံခြုံစိတ်ချမှု မရှိနိုင်ပေ။ ပြန်လည်သင့်မြတ်ခြင်းအားဖြင့်သာ အပြစ်ကိုဖြေနိုင်သည်။ ယုံကြည်ခြင်းဖြင့် သာ ကယ်တင်ခြင်းကို ရ၏။ မယုံကြည်ခြင်းသည် တရားစီရင်ခြင်းကို ခံရမည်။

(တရားဟော – ၃၃း၂)သူ၏ စကားသည် မီးနှင့်တူ၏။ အဓိက ရည်ရွယ်ချက်မှာ သန့်ရှင်းစင်ကြယ်ခြင်း၌ မီးနှင့် စစ်ဆေးခြင်းရှိ၏။ မီးကို ယုံကြည်သူ များက လက်ခံထားသောအရာ တစ်ခုဖြစ်၏။

အပြစ်သားသည် ဒုစရိုက်လုပ်ရပ်ကို ခံရမည်။ ယုဘိလဥပဒေသည် (၄၉)နှစ်ကြာ ကန့်သတ်ထား၏။ (ဝတ်ပြုရာ – ၂၅း၁၀) ယုဘိလဥပဒေသသည် ကျေးဇူးတော် ချီးမွမ်းခြင်းနှင့် အပြစ်ပေးခြင်းပါ ဥပဒေ၌ပါ၏။ ဘုရားသခင်၏ တရားမျှတခြင်း၌ အဆုံးမဲ့ အပြစ်ပေးခြင်း မပါဝင်ချေ။ တရားမျှတခြင်းမရှိက ဘုရားသခင်၏ ကျေးဇူးတော်မဟုတ်ချေ။ မီးအိုင်၏အဆုံး၌ အပြစ်ကိုလုံးဝ သန့်စင် စေသည်။ ဖန်ဆင်းခြင်းကို ပြန်လည်ထူထောင်ခြင်းဖြင့် ပြည့်စုံစွာ သန့်စင်စေသည်။ ဥပဒေသည် တစ်စုံတစ်ဦးကို ငြင်းပန်းနှိပ်စက်ခြင်း မဟုတ်ချေ။ ထုံးတမ်းစဉ်လာ အားဖြင့်သာ တစ်စုံတစ်ယောက်ကို စီရင်ပြစ်ဒဏ်ပေးသည်။

မယုံကြည်သူများသာ ရာဇဝတ်သားကို ရောင်းစားတတ်သည်။ မှန်ကန်သော အာဏာစက် အောက်၌ စည်းမျဉ်းစည်းကမ်းများကို သင်ကြားပေးသည်။ သို့သော် အကြွေးရှင်များအတွက် ယုဘိလရှိသည်။ အကြွေးအားလုံးကို လျော်ပစ် ရသည်။ လူတိုင်း ကိုယ်ပိုင်အမွေအနှစ်များကို ပြန်လည် ဆက်ခံခွင့်ရသည်။

ဖန်ဆင်းခြင်း ဘုရားသခင်၏ ရည်ရွယ်ချက်သည်ပြည့်စုံ၏။ ဘုရားသခင်၌ အောင်မြင်ခြင်းသာ ရှိ၏။ ဆုံးရှုံးခြင်း မရှိချေ။ ယုဘိလသည် ကျေးဇူးတော် ချီးမွမ်း ခြင်း နည်းဥပဒေသာဖြစ်သည်။ လူသားတို့၏ အပြစ်ကို ဖြေရှင်းဖြေလွှတ်ပေးသည်။ ယုဘိလသည် အပြစ်သားများအတွက် ပြန်လည် စည်းကမ်းသတ်မှတ်ခြင်း ဖြစ် သည်။ ဖြောင့်မတ်ခြင်းတရားကို ပေး၏။ (ဟေရှာယ – ၂၆း၉)

ဘုရားရှင်၏ နည်းဥပဒေရည်ရွယ်ချက်သည် လူကို နောင်တရစေခြင်းနှင့် ပြန်လည် ထူထောင်ရေးကို ပရောဖက်များမှတစ်ဆင့် နားလည်စေခဲ့သည်။ ၎င်းနည်းဥပဒေသည် လုံခြုံစိတ်ချမှု ကို ဖြစ်စေသည်။

(ထွက်–၂၂း၃)မှာ တရားစီရင်ရာတွင် အပြစ်၏ ဝဋ်ကြွေးဝဋ်နာ ပဏာမ အရ တရားစီရင်၏။

အပြစ်သား၏အကြွေးသည် များပြားသော်လည်း နှစ်ပေါင်းဘယ်လောက် ကြာကြာ ဆောင်ရွက်ခြင်းအပေါ်မှာ မမူတည်ချေ။ ထို့ကြောင့် ကြီးမားသော ယုဘိလကို စောင့်စားရခြင်းသည် ဘုရားသခင်၏ အမွေကို ယခင်အတိုင်း ပြန်လည် ရရှိရန်ဖြစ်သည်။

နည်းဥပဒေကို အဓိကနားလည်ရန် မေတ္တာ၊ ဂရုဏာနှင့် တရားမျှတခြင်း ကို အရင်းခံသည်။ နည်းဥပဒေသည် တရားစီရင်ခြင်း၌ အကန့်အသတ်ရှိသည်။ ၎င်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၌ တရားစီရင်ခြင်းကာလကို ဖော်ပြထားသည်။ ထိုကာလသည် ထာဝရကာလဖြစ်သည်။ လောကီကာလာကို ဖော်ညွှန်းခြင်း မဟုတ်ချေ။ (မဿဲ – ၂၅း၄၆)။

ဒေါက်တာယန်းက ဂရိစကားလုံး အီယွန်နီယံ ဟု သုံးထားသည်။ ထာဝရကာလကို မဆိုလိုခဲ့ ချေ။ သမ္မာကျမ်းစာတော်မြတ်ကသာ တရားစီရင်ခြင်းလာမည် ဟု သွန်သင်ထားသည်။ လူတို့၏ မမှန်ကန်သော နည်းဥပဒေ လွဲချော်မှုသာရှိသည်။ လူတို့၏ နည်းဥပဒေတွင် သနားကြင်နာခြင်း ကင်းမဲ့သည်။ ဘုရားသခင်၏ တရားစီရင်ခြင်း၌သာ တရားမျှတမှု ရှိသည်။

□□□□□□□□□□□

## အခန်း(၃)
## သက်တမ်းကာလ

ဂရိစကားလုံး 'အီယွန်' အဓိပ္ပာယ်မှာ သက်တမ်းကာလ တစ်ခုဖြစ်သည် (သို့မဟုတ်) သက်တမ်းကာလ စုစည်းခြင်းဖြစ်သည်။ (၅)ရာစုအစောပိုင်းတွင် ဂျဲမရွန်းက ဂရိဘာသာဖြင့် ဓမ္မသစ်ကျမ်းကို ဘာသာပြန်ခဲ့သည်။ လက်တင်စကား နှစ်လုံး အိန်တာနမ် နဲ့ ဆက်ဂျူလမ်ကို သုံးခဲ့သည်။ အိန်တာနမ် ဆိုသည်မှာ ထာဝရ ဟု အဓိပ္ပာယ်ရသည်။ ဆက်ဂျူလမ် ဆိုသည်မှာ သင်္ဂါရ ဟု အဓိပ္ပာယ်ရသည်။ အိန်တာနမ်မှာ စကားလုံးအဓိပ္ပာယ် နှစ်မျိုးရှိသည်။ (၁) မပြီးသေးသော အချိန်ကာလ၊ (၂) သက်တမ်းကာလ တစ်ခုဖြစ်သည် (သို့မဟုတ်) အကန့်အသတ်ရှိသော အချိန်ကာလ ဖြစ်သည်။ ၎င်းကို 'ဩဂတ်စတင်း'စာအုပ် (City of God) စာမျက်နှာ (၁၁၂)မှာ တွေ့ရသည်။ ထာဝရဆိုသော စကားလုံးသည် လက်တင်စကားလုံး အိန်တာနပ်(စ်)နှင့် အိန်တာနိဒတ်(စ်)တို့နှင့် ဆက်နွှယ်သည်။ အိန်ဗစ်ဆိုသော အဓိပ္ပာယ်မှာ အဆုံးအစမရှိသောကာလနှင့် အချိန်ကာလတစ်ခုဖြစ်ပြီး တစ်ခုနှင့် တစ်ခု ဆက်နွှယ်မှုရှိသည်။ ဩဂတ်စတင်းကိုယ်တိုင် (၅)ရာစုတုန်းက ဂျဲမရွန်းနှင့် ခေတ်ပြိုင်ဖြစ်ခဲ့သည်။ သို့သော် ဩဂတ်စတင်းသည် ဂရိဘာသာကို မတတ်ကျွမ်း ခဲ့ချေ။ ပီတာပရောင်း၏ စာအုပ်တွင် ရေးထားခဲ့သည်မှာ ဩဂတ်စတင်းသည် ဂရိစကားလုံးကို လေ့လာခြင်း၌ မအောင်မြင်ခဲ့ချေ။ သူသည် တစ်ဦးတည်းသော လက်တင်အတွေးအခေါ်သမား တစ်ဦးဖြစ်သည်။ လက်တင်စကားလုံးကို သမ္မာသစ်ကျမ်း၌ ဖတ်ကြည့်သောအခါ အိန်တာနမ်ဆိုသည့် စကားလုံးသည် အစအဆုံးမရှိသော အချိန်ကာလဟု အဓိပ္ပာယ်ရသည်။

ဒေါက်တာတ္တီဖာရာသည် သူ၏စာအုပ်၌ ဂရဏာနှင့် တရားစီရင်ခြင်းဟု စာမျက်နှာ (၁၇၈)၌ ဖော်ပြထားသည်။ 'အိန်ယွန်' အဓိပ္ပာယ်သည် ကာလတစ်ခု ဖြစ်သည်။ အိုင်ယွန်နီယမ်သည် အစအဆုံး မရှိသော ကာလဖြစ်သည်။ ဩဂတ်စတင်း က (၁၂)ရာစုအလွန်တွင် ၎င်းကို လက်မခံခဲ့ချေ။

အိုင်ယွန်နီယမ် ဆိုသည့်စကားလုံးကို ခေတ်ပေါ် ဘာသာပြန်ဆိုခြင်း၌ အဆင့်(၄)ဆင့်ရှိသည်။ ကျမ်းစာတွင် ကာလပေါင်းစည်းခြင်းဟု ရွှကူပျသညခ ၏ ဓမ္မသစ်အနက်ဖွင့်ကျမ်းတွင် မူရင်း ဂရိစကားလုံးကို အသုံးပြုထားသည်။

အိုင်ယွန်နီယမ် စကားလုံးကို မှားယွင်းစွာ ဘာသာပြန်မှုအရ ကာလဟု တိကျစွာ ဖော်ပြထားသည်။ မေရှိယ ရောက်လာမည်ဆိုသည့် ရည်ရွယ်ချက်ကို ညွှန်းထားသည်။ (မာကု – ၁၀း၃၀)မှာ သခင်ယေရှုပြောသည်မှာ သက်တမ်းကာလ ရောက်လာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုအချိန်ကာလသည် မေရှိယ ကြွလာမည်အချိန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယေရှုခရစ်တော် ဒုတိယအကြိမ် ကြွလာမည့်ကာလကို ဆိုလိုသည်။ ထိုကာလသည် ဒုတိယအကြိမ် ကြွလာခြင်းအစဖြစ်သည်။ ၎င်းကို (ဗျာ – ၂၀း၆)မှာ ခရစ်တော်အနှစ်တစ်ထောင် အုပ်စိုးမည့်ကာလဟု ဖော်ပြထားသည်။ ထိုကာလ၌ ရှင်ပြန်ထမြောက်မှာ မပြောင်းလဲနိုင်သော ခန္ဓာဖြင့် အောင်မြင်သူများ ထမြောက်မည်။ ကျန်ရစ်သော သေသူများအတွက် အချိန်ကာလ ပြီးဆုံးသည်အထိ စောင့်မျှော်နေလိမ့်မည်။ ရှင်ပြန်ထမြောက်ခြင်းမှာ မပြောင်းလဲနိုင် သော ခန္ဓာကိုယ်အဖြစ်သို့ ရောက်သွားမည်။ သို့သော် ၎င်းစကားစုကို ထာဝရအသက်ဟု မှားယွင်းစွာ ဖော်ပြထားသည်။

အိုင်ယွန်နီယမ်၏ အသက်တာသည် အချိန်ကာလကို ညွှန်းထားခြင်းဖြစ် သည်။ အသက်တာ၏ အရည်သွေးကို ပြောနေခြင်း (သို့မဟုတ်)ထိုသက်တမ်း ကာလ၌ မပြောင်းလဲနိုင်သော ခန္ဓာရရှိမည်။ (မဿဲ – ၂၅း၄၆)၌ "ဖြောင့်မတ်သော သူမူကား ထာဝရအသက်ရှင်ရာသို့ သွားရကြလတံ့" ဟု မိန့်တော်မူထားသည်။ အိုင်ယွန်နီယမ်သည် ဂရိစားလုံးဖြစ်သည်။ ထာဝရဟု အဓိပ္ပာယ်ရသည်။ ရာသက်ပန် အပြစ်စီရင်ခြင်းသည် ထိုကာလ၏ ထူးခြားသော လက္ခဏာဖြစ်သည်။ ထာဝရအသက်တာဆိုသည်မှာ ဘုရားသခင်၌ ကြွယ်ဝသော အသက်တာဖြစ်သည်။

ငင်းနှင့်ပတ်သက်၍ အရိုးရှင်းဆုံးဖြစ်သော ကျွန်ုပ်ကြိုးစားပြီး ရှင်းပြပါမည်။ ဦးစွာပထမ ရှင်ပြန်ထမြောက်ခြင်း အယူဆအရ အနှစ်တစ်ထောင်ကာလကို မျှော်လင့်ခြင်းဖြစ်သည်။

ဟေဗြဲစကားလုံး 'အိုင်ယွန်' သည် ဂရိစကားလုံး 'အိုင်ယွန်နီယမ်' နှင့် အဓိပ္ပာယ်တူသည်။ ဟေဗြဲစကားလုံးသည် သခင်ယေရှု ကြွလာမည့်ကာလကို ရည်ညွှန်းထား သည်။ သူသည် နှစ်ပေါင်းထောင်နှင့်ချီ၍ လောကီကို အုပ်စိုးမည်။ ထို့ကြောင့် ငင်းကာလကို အိုင်ယွန်နီယမ် (ကောင်းကင်နိုင်ငံတော်)ဟု ဖော်ပြထား သည်။ (၂ပေ – ၁း၁၁)

ကောင်းကင်နိုင်ငံတော်သည် အဆုံးမရှိပေ။ (လုကာ – ၁း၃၃) နိုင်ငံတော် ကာလသည် နောက်ဆုံးကာလ မတိုင်မီ ကြီးမားသော တရားစီရင်မှုရှိသည်။ ငင်းကို ဟေဗြဲစကားလုံး အလာမ်ဗာ (နောင်ကာလ) (ထွက် – ၁၅း၁၈၊ ဆာ – ၉း၅၊ ဆာ– ၁၀း၁၆၊ ဆာ – ၄၅း၆၊ ဒံ ၁၂း၃) တို့တွင် ဖော်ပြထားသည်။

ဂျဲမရွန်း၏ ဘာသာပြန်ဆိုမှုသည် ဩဂတ်စတင်းကဲ့သို့ မှားယွင်းစွာ ပြန်ဆိုထားခြင်းဖြစ်သည်။ ပြီးပြည့်စုံသော ဘုရားသခင်၏ တရားစီရင်မှုကို အခန်းငယ် (၅)၌ တွေ့ရှိရသည်။ ငင်းကို ရှေးကနဦးအသင်းတော်များ၏ ဖခင်များ အကြောင်းကို လေ့လာသောအခါ အခန်းငယ်(၆)တွင် တွေ့ရသည်။ အချို့သော လက်တင်အသင်းတော် ဖခင်များသည် ဩဂတ်စတင်းကဲ့သို့ တရားစီရင်မှုသည် ထာဝရဖြစ်ကြောင်းကို သဘောမတူပေ။ နောက်ဆုံး၌ ရောမအသင်းတော်သည် ငင်းဝိရောဓိကို ပြန်လည်သင့်မြတ်စေရန် ကြိုးစား၍ သွန်သင်ခဲ့သည်။ အချို့သော လူတို့သည် ဝိညာဉ်ဝေဒနာ ခံစားသည့်နေရာသို့လည်းကောင်း၊ အချို့သောသူတို့ သည် ငရဲသို့လည်းကောင်း သွားကြပြီ။ လက်ရှိ မှားယွင်းနေသော အတွေးအခေါ် များ ပြန်လည်ပြုပြင်ဖို့ လိုအပ်သလို အတိတ်ကာလ မှားယွင်းမှုမြင်တတ်ဖို့ လိုအပ်ပါ သည်။

**□□□□□□□□□□□**

# အခန်း(၄)
# လူတိုင်း ဒူးထောက်ခြင်း

ထင်ပေါ်ကျော်ကြားသော ခရစ်ယာန်များ၏ ချီးမွမ်းသီချင်းနှင့် ဝတ်ပြု ကိုးကွယ်ခြင်းကို ကမ္ဘာအနှံ့မှာ "လာကြ ဝတ်ပြုကိုးကွယ်ရန် အချိန်ကျပြီ"ဟူ၍ ဖိတ်ခေါ်သည်။ ဓမ္မသီချင်းတွင် မမှန်ကန်မှု (သို့မဟုတ်) မှားယွင်းသော ဦးဆောင်မှု သည် တစ်ခါတစ်ရံ ကျရှုံးတတ်သည်။ ခရစ်ယာန်တော်တော် များများသည် ဓမ္မသီချင်းဆိုခြင်းကို နားမလည်နိုင်ကြချေ။

တစ်ချိန်၌ တစ်နေ့သောအခါ လူတိုင်း ဘာသာစကားအားဖြင့် ဘုရားသခင်ကို ဝန်ခံရလိမ့်မည်။ လူတိုင်း ဒူးထောက်ကြလိမ့်မည်။ ဝမ်းမြောက်သောသူတို့ အတွက် ကြီးမားသော ရတနာသိုက်ကို ရွေးချယ်ခြင်းအခွင့် ရရှိလိမ့်မည်။

(ဖိလစ် – ၂း၁၀–၁၁၊ ၁တိ – ၄း၁၀)တွင် ယေရှုခရစ်တော်သည် သခင် ဖြစ်တော်မူ၏ဟု နှုတ်ဖြင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေကို ထင်ရှားစေမည့်အကြောင်းတည်း။ ရှင်ပေါလုသည် (ဟေရှာယ – ၄၅း၂၃–၂၅)ကို ညွှန်းပြီး ငါ့အရှေ့မှာ လူတိုင်း ဒူးထောက်ရမည်။ လူတိုင်း မိမိနှုတ်ဖြင့် သစ္စာခံရမည်ဟု ကိုယ်ကိုယ်တိုင်လည်း ငါကျိန်ဆိုသော တရားစကားသည် ငါ့နှုတ်မှ ထွက်သည်ဖြစ်၍ မပြည်စုံဘဲ မနေရ။

ဘုရားသခင်ရှေ့၌ လူတိုင်း ဒူးထောက်ရမည့်အကြောင်းနှင့် လူတိုင်း နှုတ်အားဖြင့် သစ္စာစောင့်သိရန်ဖြစ်သည်။ မယုံကြည်သူများ အဖြူရောင် တရားပလ္လင်ပေါ်မှာ တရားစီရင်ခြင်း ခံရလိမ့်မည်။ ထိုကာလကို အခန်းငယ် (၂၅)တွင် ပရောဖက်များ ပြောသည့်အတိုင်း ဘုရားသခင်သည် ဣသရေမျိုးဆက် ကို မျှတစွာ တရားစီရင်လိမ့်မည်။

မယုံကြည်သူများသည် ဣသရေလလူမျိုးကဲ့သို့ ဘုရားသခင်ကို မယုံကြည် သည့်အတွက် နိုင်ငံတစ်ခုလုံး အာဆီးရီးယားလက်တွင်းသို့ နှင်ထုတ်ခြင်း ခံရသည့် အပြင် နိုင်ငံတော်သည်လည်း ပြိုကွဲခဲ့သည်။

ဟေရှာယသည် ထိုနေ့ကို မြင်တွေ့ပြီး စာကိုရေးသားခဲ့သည်။ ဤလောက၌ အသက်ရှင်စဉ် ယုံကြည်ခြင်းကြောင့် ဣသရေလလူမျိုးသည် တရားစီရင်ခြင်း မခံရ ပေ။ ယုံကြည်ခြင်းကြောင့် ဣသရေလလူမျိုးသည် တရားမျှတခြင်းအခွင့်ကိုရ၏။ သူတို့၏ တရားစီရင်ဆုံဖြတ်ခြင်းသည် ယုံကြည်သူ ကျွန်ုပ်တို့အား တရားဆုံးဖြတ် ခြင်း ဖြစ်သည်။

(ဟေဗြဲ – ၉း၂၇)တွင် လူတို့သည် တစ်ခါသေရမည်။ တရားစီရခြင်းအား ဖြင့် ကြီးမားသော အဖြူရောင်ပလ္လင်ပေါ်တွင် ထမြောက်ခြင်းအခွင့်ကို ရမည်။ သို့သော် ရှင်ပေါလုက ပြောခဲ့သည်မှာ လူတိုင်းနှုတ်အားဖြင့် သခင်ယေရှုကို ဝန်ခံပြီး ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေမည်။ (၁ကော – ၁၂း၃)တွင် ရှင်ပေါလုက "သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သခင်ယေရှုကို မည်သို့မျှ မကျိန်ဆဲ" (ရောမ–၁၀း၉)တွင် "အဘယ်သို့နည်းဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍ ဘုရားသခင်သည် သူ့အားသေခြင်းမှ ထမြောက်စေတော်မူပြီ"ဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။

၎င်းသည် ဘုရားသခင်၏ ဘုန်းတော်ဖြစ်တော်မူသည်။ လူတိုင်း တစ်နေ့တွင် သခင်ဖြစ်ကြောင်း ဝန်ခံလိမ့်မည်။ ဝန်ခံခြင်းသည် ဝိညာဉ်တော်အား ဖြင့် ဖြစ်သည်။ ကျွန်ုပ်ငယ်ရွယ်

စဉ်က ပသခါပွဲတော် ကျင်းပခြင်းသည် ကားတိုင်၏ အထိမ်းအမှတ်ဖြစ်ကြောင်း သိခဲ့သည်။ သိုးသူငယ်၏ စစ်မှန်သော အသွေးတော် အားဖြင့် စိတ်နှင့်နှလုံးသားကို အထောက်အကူပြုသည်။ ၎င်းသည် ယုံကြည်ခြင်း အားဖြင့်သာ မျှတခြင်းကို ရရှိသည်။

သို့သော် (တောလည် – ၉း၉–၁၁)တွင် သင်တို့အမျိုးသားသည် အသေ ကောင်အားဖြင့် ညစ်ညူးခြင်းရှိသော်လည်း ဝေးသောအရပ်သို့ ခရီးသွားသော် လည်းကောင်း၊ ထာဝရဘုရားအဖို့ ပသခါပွဲကို ခံရမည်။ အကယ်၍ ပသခါပွဲတော် မစောင့်ထိန်းနိုင်လျှင် သူသည် ဒုတိယလမှာ ပြုလုပ်ရမှာဖြစ်သည်။ ၎င်းသည် ဒုတိယအကြိမ် မှန်ကန်သော သက်သေပြခြင်း၏ ရှေ့ပြေးအဖြစ် ဖော်ပြထားခြင်း ဖြစ်သည်။

(ရောမ – ၁၀း၁၀) ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးနှင့် ယုံကြည်ရ၏။

သေသောသူ၏ ခန္ဓာသည် မတည်မြဲသော သဘောတရားဖြစ်သည်။ (ရောမ – ၇း၂၄)

(၁ယော – ၃း၁၄)နှင့် (ယော – ၁၅း၃)အရ ယုံကြည်သူများသည် သေခြင်းမှ အစဉ်ကင်းလွတ်လိမ့်မည်။ သို့သော် မယုံကြည်သောသူများမှာ သေသောခန္ဓာကိုယ် ထိတွေ့နေသောကြောင့် မသန့်ရှင်းသူများဖြစ်ကြသည်။ ထိုသို့ ဖြစ်နေစေကာမူ မောရှေ၏ ဥပဒေအရ ဘုရားသခင်၏ ဂရုဏာတော်ကြောင့် ဒုတိယအကြိမ် အခွင့်အရေး ရရှိကြလိမ့်မည်။

ဒုတိယအနေဖြင့် လူတစ်ဦးသည် ဘုရားသခင်နှင့် ဝေးနေလျှင် (ရှင်လုကာ – ၁၅)အရ ပျောက်သောသိုးကဲ့သို့ ပသခါပွဲကို ဆောင်ကြဉ်းရန် ဒုတိယအကြိမ် အခွင့်အရေး ရရှိလိမ့်မည်။ လူသားများ အပြစ်ထဲနစ်မွန်းနေသရွေ့ ကာလပတ်လုံး သူတို့၏ နှလုံးသားများသည် ဘုရားသခင်နှင့် ဝေးနေသူများ ဖြစ်ကြ သည်။

ဘုရားသခင်၏ အဓိဋ္ဌာန်ပြုချက်ကို အထူးသတိပြုသင့်သည်။ (ဟေရှာယ – ၄၅)မှ ဘုရားရှင်၏ အဓိဋ္ဌာန်ပြုချက်အရ အခြေအနေနဲ့ အချိန်အခါပေါ် မူတည် ခြင်း မရှိချေ။ ဘုရားရှင်ကိုယ်တိုင် ရိုးရှင်းစွာ ဖော်ပြထားပါ သည်။ (တောလည် – ၁၄း၂)မှာ ဓမ္မဓိဋ္ဌာန်ကျကျ ပြုထားသည်။ "ငါ့အသက်ရှင်သည် ဖြစ်၍ ထာဝရဘုရား၏ဘုန်းတော်သည် မြေတစ်ပြင်လုံး၌ ပျံ့နှံ့လိမ့်မည်" ယင်းကဲ့သို့ အဓိဋ္ဌာန်ပြုခြင်းသည် လူတို့၏ အလိုဆန္ဒပေါ် မမူတည်ချေ။ (သို့မဟုတ်) ဇာတိပကတိပေါ် မမူတည်ချေ။ လူသည် မိမိစိတ်ဆန္ဒအတိုင်း စီရင်ခြင်းမဟုတ် သလို တစ်ဦးတစ်ယောက်၏ ဖိအားပေးမှုကြောင့် မဟုတ်ချေ။ လူအများစုသည် ရင်ပြင်တော်ကြီးရှေ့မှာ တရားစီရင်ရမှာဖြစ်ပြီး တစ်ချို့မှာ သူတို့ဘဝအသက်တာ ကာလ၌ စီရင်ခြင်းခံရမည်ဖြစ်သည်။ ယေရှုခရစ်တော်ကို အရင်လက်ခံသောသူ များအား ဦးစွာ ဆုသရဖူ ချီးမြှင့်ခြင်း ခံရမည်။ နောက်မှ လက်ခံသောသူတို့သည် မီးအိုင်ထဲမှ ကယ်တင်ခြင်းခံရမည်။

(၁ကော – ၃း၁၅) အကြင်သူ၏ အလုပ်သည် လောင်ကျွမ်း၏။ သို့သော်လည်း မီးနှင့်လွတ်သကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။

(၂တိ – ၄း၁၀၀မှာလည်း "ယုံကြည်သောသူတို့ကို ကယ်တင်တော်မူသော ဘုရားသခင်အား ကိုးစားခြင်းဖြစ်သည်" ဟု ဖော်ပြထားသည်။ ရှင်ပေါလုက ဘုရားသခင်သည် လူသားအားလုံးကို ကယ်တင်မည်ဟု မပြောထားချေ။ အထူးသဖြင့် ယုံကြည်သူများသာဟု ဖော်ပြထားသည်။ တစ်ဖန် (ဖိလစ် – ၄း၂၂) တွင် ဖော်ပြထားသည်မှာ "ကဲသာဘုရင်၏ နန်းတော်၌နေသော သန့်ရှင်းသူတို့သည် အထူးသဖြင့် နှုတ်ကြ၏" ထိုနည်းတူစွာ ဘုရားသခင်သည် လူသားအားလုံး၏ ကယ်တင်ရှင်ဟု ဆိုသော်လည်း ယုံကြည်သူများအားလုံးအတွက်သာ ဖြစ်သည်။ အထက်ပါအတိုင်း ကြီးမားသော

ရတနာမှာ ဝမ်းမြောက်စွာ ယခုရွေးချယ်သောသူ များအတွက်သာ ဖြစ်သည်။ ယေရှုခရစ်တော်နှင့် အတူ စည်းမျဉ်းစည်းကမ်းနှင့်အညီ အဦးဆုံး ရှင်ပြန်ထမြောက်သောသူများသည် အောင်မြင်သူများ ဖြစ်ကြသည်။ ယုံကြည်သူများအား ဆုလဒ်သရဖူကို ချီးမြှင့်ခြင်းခံရမည်ဖြစ်ပြီး၊ မယုံကြည်သူများမှာမူ ဖြူသောပလ္လင်တော်ရှေ့၌ တရားစီရင်ခြင်းကို ခံရမည်ဖြစ်သည်။

**□□□□□□□□□□□**

## အခန်း(၅)
## အာဒံနှင့် ယေရှုခရစ်တော်

ရှင်ပေါလုက (၁ကော – ၁၅)တွင် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ပြည့်စုံစွာ ဖော်ပြထားပါသည်။ အခန်းငယ် (၂၁)တွင် အာဒံအားဖြင့် လူအပေါင်း သေသော်လည်း ယေရှုအားဖြင့် အသက်ရှင်ခြင်း ရောက်ကြ၏။ သို့သော် ကျမ်းတတ်ပုဂ္ဂိုလ်များသည် သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းကို ငြင်းဆိုကြ သည်။ ဂရိတို့အမြင်အရ မကောင်းမှုနှင့် လူသားမျိုးနွယ်သည် ဆိုးဝါးသော ကိုယ်ခန္ဓာမှ လွတ်မြောက်ခြင်း အခွင့်ရှိသည်။ သူတို့၏ သင်ကြားမှုတွင် ခန္ဓာကိုယ် သေခြင်းမှ လွတ်မြောက်စေသည်။ ကောင်းကင်ဘုံသို့ ဝိညာဉ်ခန္ဓာနှင့် အသက်ရှင် နိုင်မည်။ သန့်ရှင်းသော ခန္ဓာကိုယ်ထဲသို့ ပြန်လည်ဝင်ခြင်းသည် ကိုယ်ကျင့်တရား ပြောင်းလဲမှုပေါ်တွင် ရရှိနိုင်သော အခွင့်ရေးဖြစ်သည်။

(၁ကော – ၁၅း၂၂–၂၃)တွင် သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းကို တွေ့ရသည်။ လူအပေါင်းတို့သည် အာဒံအားဖြင့် သေဆုံးခြင်းသို့ ရောက်ရသည့် နည်းတူ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ကြ လတံ့။

ရှင်ပေါလုက အာဒံနှင့် ခရစ်တော်ကို နှိုင်းယှဉ်ထားသည်။ နှိုင်းယှဉ်ချက် (၂)မျိုးရှိသည်။ အာဒံ၏ အပြစ်ကြောင့် လူအများသေခြင်းသို့ ရောက်ရ၏။ ခရစ်တော်၏ ဖြောင့်မတ်မှုကြောင့် လူအများ အသက်ရှင်စေသည်။ ဖန်ဆင်းခြင်း တစ်ခုလုံးကို လွတ်မြောက်စေသည်။ အာဒံ၏ အပြစ်သည် လူမျိုးဆက်အားလုံးကို ကူးစက်စေခဲ့သည်။ ခရစ်တော်၏ ဖြောင့်မတ်ခြင်းသည် လူအားလုံးကို အသက်ရှင် စေခဲ့သည်။ ဖန်ဆင်းခြင်းအားလုံးကို လွတ်မြောက်စေသည်။

(ရောမ – ၅း၁၂)တွင် အကြောင်းမူကား အပြစ်တရားသည် တစ်ယောက် သောအားဖြင့် ဤလောကသို့ ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည် နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။

ဘာသာပြန်ဆိုသူများသည် ရှင်ပေါလုအပေါ် နားလည်မှု လွဲစေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ရှင်ပေါလု၌ အမှားရှိသည်ဟု ထင်မြင်ခဲ့ကြသည်။ (ရောမ – ၆း၂၃) "အပြစ်၏ အခကား သေခြင်းပေတည်း" သူတို့နားမလည်သည်မှာ အာဒံ အပြစ်သည် ပထမဦးဆုံး သေခြင်း(ကိုယ်ကျင့်တရား) လူသားအားလုံးကို ကျရှုံးစေ သည်။ ဒုတိယသေခြင်းမှာ ကျွန်ုပ်တို့

ကိုယ်ကျင့်တရား၏ အဖိုးအခကြောင့် ဖြစ်သည်။ ထို့ကြောင့် အဖြူရောင်ပလ္လင်တွင် တရားစီရင်ရန် ဥပဒေရှိသည်။ သာသာ ပြန်သူများ၏ မှားယွင်းသော နားလည်မှုရှိသောကြောင့် ရှင်ပေါလုနဲ့ သဘောထား မတိုက်ဆိုင်ခဲ့ချေ။ လွန်ခဲ့သော နှစ်ပေါင်း (၁၆၀၀)က ဖြစ်ခဲ့၏။

ဂျဲမရှန်းက လက်တင်ကျမ်းကို အေဒီ (၄၀၀)ခန့်က ဘာသာပြန်ဆိုခဲ့သည်။ သူသည် (ရောမ – ၅း၁၂)တွင် "အဘယ်ကြောင့်ဆိုသော် အားလုံးတွင် အပြစ်ရှိ၏" ဂျဲမရှန်းသည် နားလည်မှုလွဲသည့်အတွက် ခေတ်ပြိုင်ဘာသာပြန်သူများကို သာလွန် ရန် ခက်ခဲသည်။ ရှင်ပေါလုပြောသည်မှာ သေခြင်း(၂)မျိုးရှိသည်။ ပထမ သေခြင်း သည် အာဒံအပြစ်ကြောင့်ဖြစ်သည်။ ဒုတိယသေခြင်းသည် ကိုယ်တိုင်ပြုလုပ်သော အပြစ်ကြောင့် ဖြစ်သည်။

(၁ကော – ၁၅း၂၃)တွင် လူသားတိုင်းမှာ ကိုယ်ပိုင် အခွင့်အရေး ရှိသည်။ သခင်ယေရှုသည် အားလုံးနှင့်ဆိုင်သော ပြန်လည်သင့်မြတ်ခြင်းကို ပြဋ္ဌာန်းထား သည်။ သို့သော် လူအများမှာမူ မိမိအလိုဆန္ဒနှင့်သာ ပြုမူဆုံးဖြတ်ကြ၏။ အသက်တာတွင် ပထမဦးဆုံး ရှင်ပြန်ထမြောက်ခြင်း (ဗျာ – ၂၀း၄၆)မှာ တွေ့ရပြီး သူနှင့်အတူ အုပ်စိုးရန် တဲတော်ကာလ ထောင်ပေါင်းများစွာ ရှိခဲ့သည်။ (ယောဟန် – ၅း၂၈–၂၉) ဘုရားသခင် စေလွှတ်တော်မူသော သူကို ယုံကြည်ခြင်း အကျင့်ကား အလိုတော်နှင့်ညီသော အကျင့်တည်းဟု မိန့်တော်မူ၏။

မယုံကြည်သူများသည် အဦးဆုံး ရှင်ပြန်ထမြောက်ခြင်း၌ ပျောက်ဆုံးသူ များ ဖြစ်ကြသည်။ ခရစ်တော်ကို ငြင်းဆိုခြင်း၌ သူတို့အသက်တာပျောက်ဆုံးပြီး ကြီးမားသောလူသားမျိုးနွယ်၏ အဓိကဆုံးရှုံးခြင်း ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် အပြစ်အားလုံးသည် ဝဋ်ကြွေးဝဋ်နာအပြစ်များ ဖြစ်သည်။

သခင်ယေရှုသည် အခွင့်အာဏာတန်ခိုးရှင်ဖြစ်သည်။ ကိုယ်တိုင်စံနမူနာ အားဖြင့် ဖြောင့်မတ်ခြင်းတရားကို သွန်သင်ခဲ့သည်။ တရားစီရင်ခြင်းသည် ယုဘိလ မတိုင်ခင်ဖြစ်ပြီး ဥပဒေ၏ စီရင်မှုကို မီးအားဖြင့် ပမာပြုသည်။ ဤတရားစီရင်မှု သည် "မီးအိုင်" ဟုခေါ်သည်။ (ဗျာ – ၂၀း၁၄)။ မီးသည် ဘုရားသခင်၏ နှုတ်ထွက်စကားတော် ဖြစ်သည်။ ဥပဒေကို (တရားဟော – ၃၃း၂)တွင် ပါရှိသည်။ ဘုရားသခင်ကိုယ်တိုင် အပြုအမူ အထင်အရှား ပြခဲ့သည်။ ဧလသရေလသည် သူ၏ ထင်ရှားမှုကို မီးအားဖြင့်ပြသည်။ သူသည် လောင်ကျွမ်းသော မီးဖြစ်သည်။ (တရား – ၄း၂၄) သူသည် မီးအားဖြင့် နှစ်ခြင်းပေးသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ပယ်ဖျက်ခြင်းဖြစ်သည်။ အပြစ်အတွက် သူ့အား ညှင်းပမ်းနှိပ်စက်မှုနှင့် ရှုပ်ထွေးမှု များကို ဘုရားသခင်၏ သားတော်အဖြစ် ထင်ရှားစေခဲ့သည်။ သို့ဖြင့်လင့်ကစား အရာရာတိုင်း၌ ဖြောင့်မတ်ခြင်းပါရမီကို သခင်ယေရှုကြောင့် ရရှိခဲ့သည်။

ကမ္ဘာမြေကြီးသည် ပင်လယ်နှင့် ဖုံးလွှမ်းသည်။ ၁၀၀%ပင်လယ်ဖြစ်ပြီး သူ၏ ဘုန်းတော်ထင်ရှားရန် ရာနှုန်းပြည့် ဖုံးလွှမ်းခြင်းဖြစ်သည်။ အာဒံ၏ အပြစ်ကြောင့် သူ၏ဇနီးနှင့် ကလေးများကို ပေးဆပ်ခြင်းခံရမည်။

(မဿဲ – ၁၈း၂၃) ကောင်းကင်နိုင်ငံတော်တွင် မိမိကျွန်များကို စာရင်းသွင်း ထားခြင်းငှါ အလိုရှိသော မင်းကြီးတစ်ဦးနှင့်တူ၏။ သခင်ယေရှုသည် အာဒံ၏အပြစ် ကို ပေးဆပ်ရန် ရောက်လာသည်။ အရာရာတိုင်းသည် အာဒံ၌ ပျောက်ဆုံးနေသည်။ ခရစ်တော်၌ ရွေးနှုတ်ခြင်းခံရ၏။

(ယော – ၂း၂)ယေရှုတပည့်တော်တို့ကို ထိုပွဲသို့ ခေါ်ပင့်ကြ၏။ ကောင်းကင်နိုင်ငံတော်သည် ဝှက်ထားသော ဘဏ္ဍာနှင့်တူ၏။ (မဿဲ – ၁၃း၃၈) သခင်ယေရှုက ကမ္ဘာကြီးသည်

လက်တွေ့ဆင်းသော နေရာဖြစ်သည်။ (ထွက်မြောက် – ၁၉း၅)တွင် ဣသရေလသည် ဘုရားသခင်၏ ထူးခြားသော ရတနာဖြစ်သည်။ သခင်ယေရှုကိုယ်တိုင် ပျောက်သောအိမ်တော်သား(လူမျိုးတော်) ကို ရှာဖွေရန်ဖြစ်သည်။

(ဇေရ – ၃၄း၁၁) သခင်ယေရှုသည် ဣသရေလကို ရှာဖွေတွေ့ရှိခဲ့သည်။ ထူးဆန်းသော ရတနာကို တွေ့ရှိသည်။ ကမ္ဘာလောကသို့ သူသည် လက်တွေ့ ကွင်းဆင်းသည်။ အရာအားလုံးကို အာဒံ၏ အခွင့်အာဏာအောက်တွင် ရှိသည်။ (ကမ္ဘာ – ၁း၂၆–၂၈)

ယေရှုတွေ့ရှိသော ဣသရေလလူမျိုးသည် ထူးခြားသော ရတနာရရှိရန် ဖြစ်သည်။ သူသည် လယ်ကွက် (ကမ္ဘာမြေကြီး)ကို ဝယ်ခဲ့သည်။ လယ်ကွက်၌ ပျောက်ကွယ်နေသော ရတနာ (လူမျိုးတော် သို့မဟုတ် ခရစ်ယာန်များ) ပုန်းဝှက် ထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့ မမြင်နိုင်သော ရတနာကို ယေရှုက ဝယ်ခဲ့သည်။

အရာအားလုံး အာဒံ၏အုပ်ချုပ်မှုအောက်၌ ထားခဲ့သည်။ (ကမ္ဘာ ၁း၂၆–၂၈)။ တဖန် (ဆာလံ – ၈း၆)မှာ ပြန်ပြီး အရာအားလုံးကို သူ့ခြေထောက်အောက်၌ ထားသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း နောက်ဆုံး အာဒံ(ခရစ်တော်) က ပြန်လည်ရွေးကောက်ခဲ့သည်။ ဓမ္မသစ်ကျမ်း (ဟေဗြဲ – ၂း၆–၈)မှာ အရာအားလုံး သူ့ခြေထောက်အောက်၌ ထားရှိခြင်းမှာ မှန်ကန်ကြောင်း (ဆာလံ ၈း၆)ကို ဓမ္မသစ်ကျမ်း၌ မကြာခဏ ကိုးကားရည်ညွှန်း သည်ကို တွေ့ရသည်။ ဤအတွေးအခေါ် အယူအဆသည် အရေးကြီးသော အကြောင်းတရား ဖြစ်သည်။

**□□□□□□□□□□□**

## အခန်း (၆)
## အရာခပ်သိမ်းကို ခြေရင်းတော်၌ ပြန်လည်ထားရှိခြင်း

ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းသည်။ (ကမ္ဘာ – ၁း၃၁)တွင် ဘုရားသခင်သည် မိမိဖန်ဆင်းသမျှအရာတို့ကို ကြည့်ရှုလျှင် အလွန်ကောင်းသည်ကို မြင်တော်မူ၍ ညဦးနှင့် နံနက်သည် ပဌမနေ့ရက်ဖြစ်လေ၏။ အပြစ်သည် ဖန်ဆင်းခြင်းကို မတည်ဆောက်နိုင်ပေ။ သို့သော် ကျူးကျော်ခြင်းကို ပြောဆိုရမည်။ သို့သော် လွန်ခဲ့သောအချိန်၌ မကောင်းဆိုးဝါး၏အရာသည် ဖန်ဆင်းခြင်းကို ညစ်ညူးစေခဲ့သည်။

ထို့ကြောင့် မှားယွင်းသော ဓမ္မအတွေးခေါ်ကြောင့်လည်း မှားသော နားလည်မှု ဖြစ်စေခဲ့သည်။ ကောင်းမှုနှင့် မကောင်းမှု၊ အလင်းနှင့်အမှောင်၊ ဝိညာဉ်နှင့် အကြောင်းတရား များကြောင့် တစ်ခုနှင့်တစ်ခု အမြဲတမ်း ဆန့်ကျင်မှုရှိခဲ့သည်။ လူ၏ ကျရှုံးခြင်းသည် မကောင်းမှုနှင့် ရောနှောနေသည်။ သမိုင်းကြောင်း ဒဿနမှာ ဘုရားသခင်၏ နိုင်ငံတော်ကို ဆန့်ကျင်နေသော အရာနှစ်ခု လွှမ်းမိုးခြင်း အယူအဆမှာ သီးခြားစီ ဖြစ်နေသည်။ ယင်းကဲ့သို့ ဒွန်တွဲနေသော ဓမ္မအတွေး အခေါ်များဖြစ်သည့် ကောင်းမှုနှင့် မကောင်းမှု ထာဝရနိုင်ငံတော်၌ အမြဲဒွန်တွဲ နေသည်။ သမိုင်းကြောင်း၏ နောက်ဆုံးဦးတည်ချက်သည် ကောင်းကင်နိုင်ငံ (သို့မဟုတ်) ငရဲဖြစ်စေ မကောင်းမှုနှင့် အမှောင်သည် ဘုရားသခင်၏ ဖန်ဆင်းခြင်း ကို အမြဲစွန်းထင်းစေသည်။

အေဒီ (၅၀၀) စုတွင် အသင်းတော်သည် ဓမ္မအတွေးအခေါ်နှင့်မဆိုင် သော နက်ရှိုင်းသည့် သင်ကြားမှုကို ကျင့်သုံးခဲ့သည်။ ငြင်းပယ်သောသူတို့ကို နှိပ်စက် မှုပြုခဲ့သည်။ ၎င်းသည် စိတ်ပျက်ဝမ်းနည်းစရာကောင်းသော ခရစ်ယာန်သမိုင်း ကြောင်း ဖြစ်သည်။ ကျွန်ုပ်သဘောအရ အပြစ်သည် ယာယီသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အစဖြစ်ပြီး ပြန်လည် သိမ်းဆည်းခြင်း အယူအဆ တစ်ခုလုံးသည် သမိုင်းဖြစ်စဉ် အပြစ်တရား၏ ရလဒ်ကို ပြခြင်းဖြစ်သည်။ နောက်ဆုံး ၌ အရာအားလုံးသည် ပြန်လည်သိမ်းဆည်းခြင်း ပြုလိမ့်မည်။ ဤဖြစ်စဉ်တွင် အကျွန်ုပ်၏ ရင့်ကျက်ခြင်းသည် အစပြုလိမ့်မည်။ (ကမ္ဘာ – ၁း၂၆)။ တဖန် ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်အညီ တစ်သဏ္ဍာန်တည်း လူကိုဖန်ဆင်းခဲ့သည်။ သူသည် ပင်လယ်ငါးတို့ကို လည်းကောင်း၊ မိုးကောင်းကင် ငှက်တို့ကိုလည်းကောင်း မြေတစ်ပြင်လုံးနှင့်တကွ မြေပေါ်မှာ ထွားသွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို လည်းကောင်း အုပ်စိုးစေဟု အမိန့်တော်ရှိသည်။

၎င်းအရာများကို ဘုရားသခင်နိုင်ငံတော်အောက်၌ အုပ်စိုးလွှမ်းမိုးရန် လူအား အခွင့်အာဏာ ပေးထား၏။ နည်းဥပဒေရှုထောင့်အရ လူသားတို့သည် အပြစ်ကြောင့် ဝဋ်ကြွေးဝဋ်နာရှိသဖြင့် ကျေးကျွန်ဖြစ်ရ၏။ လူသားမျိုးဆက်တစ်ခု လုံး ကူးစက်ရ၏။ (ရောမ – ၆း၁၇)

(ကမ္ဘာ – ၃း၁၇)အရ သင့်ကြောင့် မြေကြီးကို ကျိန်ခြင်းအမင်္ဂလာကို ခံရမည်။ (ကမ္ဘာ – ၃း၁၉)မှာ သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင် သင်၏ မျက်နှာမှ ချွေးထွက်လျက် အစာကို စားရလိမ့်မည်။ အကြောင်းမူကား သင်သည် မြေမှုန့်မှဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။ ဘုရားရှင်၏ နည်းဥပဒေမှာ (ထွက် – ၂၂း၁၄)အရ သူခိုးသည် သူ၏ ခိုးမှုအတွက် ရောင်းချခြင်းကို ခံရ၏။ မိမိခိုးသောပစ္စည်းများကို ပြန်လည် ပေးဆပ်ရသည်။

အာဒံသည် သေသည့်တိုင်အောင် ကမ္ဘာမြေအတွက် အစေခံခဲ့သည်။ ယင်းကိစ္စတွင် အမှန်တကယ် တရားဝင် အာဒံ၏ အပြစ်ကြွေးအတွက် ရွေးနှုတ်သူ ဟု ခေါ်ဆိုနိုင်သည်။ ကမ္ဘာမြေသည် ကျိန်ခြင်းအမင်္ဂလာအောက်သို့ ရောက်သွားခဲ့ သည်။ ကမ္ဘာမြေကြီးသည် အာဒံ၏အပြစ်ကြောင့် အပြစ်ကြွေးကို ပေးဆပ်ရန် တောင်းဆိုသည်။ ကျိန်ခြင်းကာလသည် (၄၁၄)ခုနှစ်မှာ တစ်ကြိမ်လည်ပတ်သည်။ ဤအဖြစ်ပျက်၌ ကမ္ဘာမြေပေါ်ကို ရေလွှမ်းမိုးခြင်းခံခဲ့သည်။ (၄ × ၄၁၄)ခုနှစ်နောက်ပိုင်းတွင် ရေလွှမ်းမိုးခဲ့သည်။ (ကမ္ဘာ – ၅)ကို လေ့လာသောအခါ အာဒံ၏ မျိုးရိုးပညာအရနှစ်ပေါင်း (၄ × ၄၁၄) သို့မဟုတ် (၁၆၅၆)ခုနှစ်မှာ ရေလွှမ်းမိုးခဲ့ ကြောင်း သိရှိရသည်။

ဤဥပဒေသည် ရွေးနှုတ်ခြင်း စည်းမျဉ်းကို ဖော်ပြသည်။ အဘယ်ကြောင့် ဆိုသော် အကြွေးရှင်များကို ဝယ်သူဖြစ်သည်။ တစ်နည်းအားဖြင့် ရွေးနှုတ်သူ ဖြစ်သည်။ ထိုသူမှာ ယေရှုရှင်ဖြစ်သည်။ အာဒံ၏ အပြစ်ကြွေးနှင့် တစ်လောကလုံး အပြစ်ကြွေးကို ပေးဆပ်ခဲ့သည်။ (၁ယော – ၂း၂) နှင့် (ရောမ – ၆)တွင် အသေးစိတ် ရှင်းလင်း တင်ပြထားသည်။ ရွေးနှုတ်ခြင်းဥပဒေအားဖြင့် ယုံကြည်သူများကို လွတ်မြောက်စေမည်။ အပြစ်လုပ်ခြင်းမှ ရပ်နားစေခဲ့သည်။ အပြစ်သားများကို အဖိုးခဖြင့် ရွေးနှုတ်ခဲ့သည်ဟု ရှင်းလင်းထားသည်။

အပြစ်ဆက်လက် ပြုခြင်းထက် သခင်၏ အစေကိုခံရန် ပိုကောင်းမည်။ (ဝတ်ပြု – ၂၅း၅၃)တွင် ရှင်းရှင်းလင်းလင်း ရွေးနှုတ်ခြင်း ဥပဒေကို ဖော်ပြထားသည်။ တစ်နည်းအားဖြင့် ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ကို ရွေးနှုတ်ခဲ့သည်။ သူ့ကို အစေခံရန်သာ ဖြစ်သည်။ အပြစ်ထပ်ပြီး လုပ်ရန် မရှိတော့ပါ။ ထို့ကြောင့် ကျေးဇူးတော်နှင့် ပတ်စည်းခံစားရမည်။ အပြစ်ကျေး ကျွန်မှ လွတ်မြောက်မည်။ (ဟေဗြဲ – ၂း၁၄)ယေရှုသည် အာဒံမျိုးဆက်နှင့် ဆက်နွယ်ကြောင်း အာဗြဟံ၏ အသွေးအသား မျိုးဆက်ဖြစ်ကြောင်း၊ ထို့ကြောင့် သူသည် ရွေးနှုတ်ဖို့ရန် ဤလောကသို့ ကြွလာကြောင်း တွေ့ရှိရသည်။

(ဟေဗြဲ – ၂း၇–၉)သူ့ကို ကောင်းကင်တမန်တို့အောက်၌ နိမ့်တော်မူပြီ။ သူ၏ခေါင်းကို ဘုန်းအသရေနှင့် ပတ်ရစ်တော်မူပြီ။ ဖန်ဆင်းတော်မူသော အရာများ ကို အုပ်စိုးစေ၍ ခပ်သိမ်းသောအရာတို့ကို ချထားတော်မူ၏ ဟုဆိုသော် မချထားဘဲ ကျန်ရစ်သောအရာ တစ်စုံတစ်ခုမျှမရှိရ။ ယခုမူကား ခပ်သိမ်းသောအရာတို့သည် ချထားလျက်ရှိသည်ကို ငါတို့ မမြင်ရကြသေး။ ခရစ်တော်၏ အုပ်စိုးမှုကို (ဧဖက် – ၁း၂၁–၂၃)မှာ ထိုအသင်းတော်က အလုံးစုံတို့နှင့် ပြည့်စုံစေတော်မူသော သူ၏ ပြည့်စုံတည်းဟူသော ခရစ်တော်၏ကိုယ် ဖြစ်သတည်း။

(၁ကော – ၁၅း၂၂–၂၈)တွင် ရှင်ပေါလုက အရာအားလုံးမှာ ပြန်လည် ထူထောင်ခြင်း၏ အခြေခံအကြောင်းအရာ ဖြစ်သည်။ (အခန်းငယ် – ၂၂)တွင် လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ ရောက်သည့်နည်းတူ လူအပေါင်း တို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ကြလတံ့။

ရှင်ပေါလု၏ အဆုံးပိုင်းတွင် ခရစ်တော်၏ ခြေတော်ရင်း၌ ရန်သူအားလုံး ကို ပြန်လည် အုပ်စိုးမည်ဟု ဖော်ပြထားသည်။ နောက်ဆုံးတွင် လူသားမျိုးနွယ် အားလုံးကို ခြေတော်ရင်း၌ ထားမည်ဟု ဖော်ပြထားသည်။(အခန်းငယ် – ၂၆ –၂၇)

သေခြင်းတရားကို နားလည်ရန် အရေးကြီးသည်။ နောက်ဆုံးရန်သူကို ဖျက်သိမ်းမည်။ အသင်းတော်သည် ခရစ်တော် ဒုတိယအကြိမ် ကြွလာသောအခါ သန့်ရှင်းသူများသည် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း ပြုလိမ့်မည်။ ဒုတိယသေခြင်း သည် ဖြူစင်ကြီးမားသော ပလ္လင်ပေါ်တွင်

တရားစီရင်ရမည်ဖြစ်သည်။ (ဗျာ – ၂၀း၁၄)။ မီးအိုင်ထဲသို့ မယုံကြည်သူများကို စီရင်ခြင်းပြုမည်။ ရှင်ပေါလုက သေခြင်း (၂)မျိုးနှင့်ပတ်သက်၍ ဖော်ပြထားခြင်းမရှိချေ။ (အခန်းငယ် ၂၇)တွင် ညစ်ညူးသော အရာ၊ စက်ဆုပ်ဖွယ်သောအရာ၊ သစ္စာပျက်သောအရာ တစ်စုံတစ်ခုကိုမျှ မဝင်ရဘဲ သိုးသူငယ်၏ အသက်စာစောင်၌ စာရင်းဝင်သောသူတို့သာလျှင် ဝင်ရ၏။

ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်း၏ သူကိုယ်တိုင် လက်ဝါး ကားတိုင်ပေါ်တွင် ပြန်လည်သင့်မြတ်စေခဲ့၏။ ကောင်းကင်နှင့်မြေကြီးကို သူ ဖန်ဆင်းခဲ့၏။ မြင်နိုင် မမြင်နိုင်သည်ကို သတ်မှတ်ထားသည်။ သမ္မာကျမ်းစာက အရာအားလုံးကို ပြန်လည်ထူထောင်ရန် သွန်သင်ထားသည်။ ပထမတွင် ယုဘိလ၌ တရားစီရင်မှုအားလုံးတွင် အကြွေးအားလုံးကို ပယ်ဖျက်မည်။ ဒုတိယတွင် တောလည်ရာကျမ်း၌ ဘုရားသခင်၏ ကတိတော်စကားကို တွေ့ရမည်။ (အခန်းကြီး – ၁၄း၂၁)၌ သူ၏ဘုန်းတော်ကို ကမ္ဘာမြေပြင်တစ်ခုလုံးတွင် ပြည့်စုံရန် ဖြစ်သည်။ တတိယအချက်ကား သခင်ယေရှုသည် ကားတိုင်ပေါ်မှာ မြောက်ထားခြင်း ခံရသည်။ သူ့ကို တရွတ်တိုက်ဆွဲခဲ့သည်။ စတုတ္ထအချက်မှာ ရှင်ပေါလုက (ဖိလစ် ၂း၁၀–၁၁)တွင် လူတိုင်း ဒူးထောက်ရမည်။ ဘာသာစကားတိုင်းက ခရစ်တော်ကို ဘုရားရှင်ဟု ဝန်ခံကြလိမ့်မည်။

ပဥ္စမတစ်ချက်၌ ရှင်ပေါလုက (ဆာ – ၈)ကို ညွှန်းထားသည်မှာ ခရစ်တော် ၌ အရာအားလုံး ပြီးဆုံးမည်ဖြစ်သည်။ သူ၏ သွန်သင်ချက်တွင် အပြစ်သားအားလုံး ကို ကယ်တင်နိုင်မည် မဟုတ်ချေ။ အသင်းတော်ကို အလှူငွေပေးခြင်းအားဖြင့် ကယ်တင်ခြင်း မခံနိုင်ချေ။ သူတို့ကို ရာသက်ပန် အပြစ်ပေးထိုက်သူဖြစ်သည်။ ၎င်းကို အဓိကအချက်(၃)ချက်က ဆန့်ကျင်နေသည်။

ပထမဦးဆုံးအချက်မှာ တစ်ချို့လူများသည် အပြစ်များစွာ ပြုကြသည်။ ခရစ်တော်၏ အသွေးတော် တန်ခိုးထက် အကြွေးက ပိုနေသောကြောင့် အပြစ်၏ အဖိုးခနှင့် မလုံလောက်ချေ။

ဒုတိယအချက်မှာ ခရစ်တော်သည် တစ်လောကလုံး အပြစ်ကြွေးကို ပေးဆပ်ပြီးဖြစ်သည်။ သို့သော် လူတို့သည် ဆန္ဒဖြင့် ဝန်ခံခြင်းမရှိဘဲ မျိုသိပ်ထား ကြသည်။ ဤဖြစ်စဉ်ကို မောရှေက (တောလည် – ၁၄)မှာ ဖော်ပြထားသည်။ တစ်လောကလုံး ဘုရားသခင်၏ ဘုန်းတော်ဖြင့် ဖုံးလွှမ်းမည်။

တတိယအချက်မှာ ဘုရားသခင်၏ အသွေးတော်အားဖြင့် ဖန်ဆင်းခြင်း အားလုံးကို ရွေးနှုတ်ခြင်း၌ သူ၏မေတ္တာ အားမလိုအားမရ ဖြစ်ခဲ့သည်။ အကန့် အသတ်ရှိသော အပြစ်ဖြေခြင်း သဘောတရားဖြစ်သည်။

(ယော – ၃း၁၆ ) "ဘုရားသခင်သည် လောကီသားတို့ကို ချစ်တော်မူ၏" ဟု ဖော်ပြထားသည်။ သမ္မာကျမ်းစာတော်မြတ်၌ လာသည့်အတိုင်း ခရစ်တော်၏ ချစ်ခြင်းကို သိရန် ဘုရားသခင်သည် မနေ့၊ ယနေ့၊ နောင်ကာလ (၃)ပါးကို အုပ်စိုးမည် ဖြစ်သည်။

**□□□□□□□□□□□**

# အခန်း (၇)
# ရွေးနှုတ်ခြင်းနည်းဥပဒေများ

ကယ်တင်ရှင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားလည်သော်လည်း တရားဟောချက် သို့မဟုတ် ကျမ်းစာသွန်သင်ချက်၌ ရွေးနှုတ်သူဆိုခြင်းကို နားမလည်နိုင်ခဲ့ပေ။ ဖန်ဆင်းခြင်းအားလုံး၏ အသုံးဝင်မှုနှင့် မောရှေ၏ ဥပဒေကို ဆယ်စုနှစ်များကြာပြီးမှ တွေ့ရှိခဲ့သည်။

သင်သည် မည်သည့်အရာမဆို ဝယ်ယူနိုင်ခွင့်ရှိသည်။ သို့သော် သင်၏ ယခင်ပိုင်ဆိုင်မှုကိုသာ ပြန်ရွေးနိုင်သည်။ ကျွန်ုပ်၏ ကနဦးအသက်တာတွင် အပြစ်ကြောင့် စိတ်နေမြင့်ခဲ့သည်။ ကျွန်ုပ်အသက်တာ၌ ယေရှုသည် ငါ၏ ရွေးနှုတ်သူ မဟုတ်။ သမ္မာကျမ်းစာသည်လည်း မှားသည် စသည်ဖြင့် စောဒကတက်ခဲ့သည်။ သမ္မာကျမ်းစာသည် ငြင်းဆိုမှုကို ရှင်းရှင်းလင်းလင်း ဖော်ပြထား သည်။ ယေရှုသည် အမှန်တကယ်မှာ ကျွန်ုပ်၏ ကယ်တင်ရှင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကျွန်ုပ်သည် ဖန်ဆင်းခြင်းနှင့် သက်ဆိုင်သည်။ ဖန်ဆင်းခြင်း အခွင့်အလမ်းကိုလည်း ပိုင်ဆိုင်သည်။ အာဒံကို စာတန်၌ ရောင်းချခြင်းခံရသောအခါ သူ၏ သားသမီးများသည်လည်း ရောင်းချခြင်း ခံခဲ့၏။ ယေရှုကြွလာပြီး ဘုရားသခင်ဖြစ်ခြင်း ဥပဒေကို သတ်မှတ်ခဲ့သည်။ သမ္မာကျမ်းစာထဲမှာ ဘုရားသခင်သည် အစဦး ၌ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။ ထို့ကြောင့် အရာအားလုံးကို ဘုရားသခင်က ပိုင်ဆိုင်သည်။

အကယ်၍ လူတစ်ဦးသည် အပြစ်အတွက် အကြွေးကို မပေးဆပ်နိုင်ခဲ့လျှင် သူ့ကို သူခိုးထံ ရောင်းချခြင်းခံရမည်။ အမျိုးမတော်သူ တစ်ဦးက ဝယ်သော်လည်း ချစ်ခြင်းမေတ္တာမရှိပေ။ (ထွက်၂၂း၃)။ သို့သော် သူ့စီးပွားရေးမှာသာ တိုးတက်မှု ရှိလာမည်။ အမျိုးတော်မှ ပြန်လည် ရွေးနှုတ်ခြင်းရှိသည်။ (ဝတ် – ၂၅း၄၈)။ အကယ်၍ အကြွေးရှင်အား သူငယ်ချင်းတစ်ဦးက ရွေးနိုင်သော်လည်း သူ့မှာ ရွေးနှုတ်ခြင်းအခွင့် မရှိပေ။ ကျွန်ပိုင်ရှင်က ခွင့်မပြုချေ။ သို့သော် အမျိုးတစ်ဦးက ရွေးချယ်ပိုင်ခွင့်ရှိသည်။

(ဟေဗြဲ – ၂း၁၁) သူသည် အပြစ်သားကို မရှက်မကြောက် ညီအစ်ကိုဟု ခေါ်သည်။ (ဟေဗြဲ – ၂း၁၄–၁၅) မှာ ထိုသူငယ်သည် အသွေးအသားနှင့် စပ်ဆိုင် သောကြောင့် ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကို ကျိုးဖဲ့ ဖျက်ဆီးခြင်းငှါလည်းကောင်း၊ သေဘေးကိုကြောက်၍ တစ်သက်လုံး ကျွန်ခံရ သောသူကို ကယ်တင်ခြင်းငှါ အသွေးအသားကို ယူဆောင်လာသည်။ (ဟေဗြဲ – ၂း၁၆) မှာ အာဗြဟံ၏ မျိုးဆက်ဖြစ်ကြောင်း ပြောထားသည်။ နီးစပ်ခြင်းမျိုးနွယ်ကို အချက် (၂)ချက်နှင့် ဆက်နွယ်နေ၏။ ပထမတစ်ချက်မှာ အသွေးအသားနှင့် အာဒံ ၏ အမျိုးကို ရွေးနှုတ်ခြင်းနှင့် ဒုတိယတစ်ချက်မှာ အာဒံ၏မျိုးဆက်ဖြစ်သော လူမျိုး တို့ကို ရွေးနှုတ်ခြင်းဖြစ်သည်။ အဓိကအချက်မှာ ယေရှုသည် အသွေးနှင့်အသားဖြင့် လူ့ဇာတိကို ခံယူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အာဒံ၏အမျိုးအနွယ် ဖြစ်သောကြောင့် ရွေးနှုတ်ခြင်း အခွင့်ရှိ သည်။ ဤလောကီမှာ ပျောက်ဆုံးနေသော အာဒံ၏ မျိုးဆက်ကို တရားဝင်ရွေးနှုတ်ပိုင်ခွင့်ရှိသည်ဟု နည်းဥပဒေက ဆိုထား သည်။ ထို့ကြောင့် ယေရှု၌ ဖန်ဆင်းခြင်းအရာအားလုံးအား ရွေးချယ်ပိုင်ခွင့်ရှိ ကြောင်းကို ဆိုလိုသည်။ နီးစပ်သော အမျိုးအနွယ်အား ပြန်လည်ရွေးနိုင်သော တရားဝင် အခွင့်အလမ်းရှိသည်။

ကယ်လ်ဗင်းကမူ အသွေးတော်ဖြင့် အနည်းငယ်သောအရာကိုသာ ရွေးချယ်နိုင်ကြောင်း ဖော်ပြသည်။ ထို့ကြောင့် သူ့အဆိုအရ ယေရှုသည် ဖန်ဆင်းခြင်း အရာအားလုံးကို သူချစ်သလား။ တစ်ကယ်ဘဲ လိုလားမှု ရှိသလား ဆိုသော အချက်ကို သိရှိရန် လိုအပ်ပါသည်။

ကျွန်ုပ်သိသည်မှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော် ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏ ဟု ဆိုထားသည်။ သခင်ယေရှုသည် လူတိုင်းကို ချစ်တော်မူ၏။ သူသည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူသည်။ တရားမျှတသော ဘုရားဖြစ်သည်။ ဥပဒေဆိုသည်မှာ ယေရှု၌ တည်၏။ ထို့ကြောင့် အသွေးတော်စပ်သော သူသည် ရွေးနှုတ်ခြင်းအတွက် ဝယ်ခဲ့သည်။

ဤသို့ဆိုလျှင် ဘယ်မှာပြဿနာရှိလိမ့်မည်နည်း။ လုံးဝ တရားဝင်ကန့်သတ် ခြင်း မရှိချေ။ အချိန်ကာလ ဘောင် ကန့်သတ်ခြင်းမရှိချေ။

(ဝတ်ပြု – ၂၅း၈–၁၀) ဥပုဒ်နှင့် (၇)နှစ် (၇)လီတည်းဟူသော (၄၉)နှစ် ဖြစ်ပြီး နှစ်(၅၀)တွင် ပြန်လည်သုံးသပ်သည်။ မြေယာအားလုံးကို လက်လွှတ်ရမည်ဟု ကြေညာခဲ့သည်။ ၎င်းသည် ယုဘိလနှစ်ဖြစ်သည်။ သင်၏ မူလပိုင်ဆိုင်မှု အားလုံးကို သင်နှင့် သင့်မိသားစုထံသို့ ပြန်လည် ရောက်ရှိလာမည်။ အကြွေးအားလုံး ကို ပယ်ဖျက်ရမည်။ မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးဆပ်ရမည်။ ဤအရာအားလုံး သည် ယုဘိလဥပဒေဖြစ်ပါသည်။ ထို့ကြောင့် ယုဘိလ နှစ်ကို ကြိုဆိုကြပါသည်။

□□□□□□□□□□□

# အခန်း(၈)
## သားရဲ (၄)ကောင်နှင့် ပဋိညာဉ်

သမ္မာကျမ်းစာသည် မွေးရာပါသမိုင်းကြောင်းပေါ် အဓိက မူတည်သည်။ အာဒံမှ မျိုးဆက်သစ်လက်ထဲသို့ ဤကမ္ဘာမြေကြီးကို မှန်ကန်စွာ အုပ်စိုးစေရန် အမွေကို ဆက်လွှဲခဲ့သည်။ အရာအားလုံး လွှမ်းမိုးမှုကို သခင်ယေရှု၌ အဆုံးသတ် သည်။ ဤအကြောင်းတရားကြောင့် သမ္မာကျမ်းစာသည် ယုဒနှင့် ဣသရေလ သမိုင်းအကြောင်းကို ရေးထားသည်။ အာဒံအား တစ်လောကလုံးကို အုပ်စိုးပိုင်ခွင့် ပေးထားသည်။ အရှေ့အလယ်ပိုင်းသာ မဟုတ်ချေ။ ၎င်းနည်းတူ ယေရှုခရစ်တော် သည်လည်း စကြဝဠာတစ်ခုလုံး၌ ဘုရားတကာထက် ဘုရင်အဖြစ် ဖော်ပြထား သည်။ (ဟေ – ၅၄း၅)

သမ္မာကျမ်းစာတွင် တိကျသော ပဋိညာဉ် (၅)ခုကို သခင်ခရစ်တော်၏ ခြေတော်ရင်း၌ ထားရှိရန် စီမံထားသည်။ ဘုရားသခင်၏ စကားတော်သည် ထာဝရ ပြည့်စုံသည်။ ဘုရားသခင်သည် ကတိတော်များနှင့် နည်းဥပဒေကို အဓိဋ္ဌာန်ပြုထား သည်။ သို့သော် ပထမကြိမ်တွင် ပဋိညာဉ်ကို သမ္မာကျမ်းစာ၌ နောဧမှတစ်ဆင့် (ကမ္ဘာဦး – ၉း၉–၁၀)တွင် တွေ့ရသည်။ သင်တို့နှင့်လည်းကောင်း၊ နောင်ဖြစ်လတံ့ သောအမျိုးအနွယ်နှင့်လည်းကောင်း သင်တို့မှာ အသက်ရှင်သော တိရိစ္ဆာန်တည်း ဟူသော ငှက်၊ သားယဉ်၊ သားရဲရှိသမျှ သင်္ဘောထဲက လွတ်သမျှ တိရိစ္ဆာန် အပေါင်းနှင့်လည်းကောင်း ငါသည် ထိုသဲတိုင်ပဋိညာဉ်ပြု၏။ ဤပဋိညာဉ်သည် နောဧနှင့်သားများ (လူ)အတွက်သာမဟုတ်ဘဲ ကမ္ဘာမြေကြီး၏ သားရဲများအတွက်ပါဖြစ်သည်။ သို့သော် သက်ရှိမျိုးရိုးဗီဇ၏ (၄)မျိုးသည် တစ်လောကလုံးကို ညွှန်း ခြင်း ဖြစ်သည်။ ဤပဋိညာဉ်ကို အခန်းငယ် (၁၆–၁၇)မှာ အကျယ်တဝန်း ရှင်းပြ ထားသည်။ အခန်းငယ် (၉ နှင့် ၁၇)တွင် ဤပဋိညာဉ်ကို စကြာဝဠာ တစ်ခုလုံးနှင့် ဆိုင်ကြောင်း ထပ်ခါတလဲလဲ ဖော်ပြထားသည်။ နောဧနှင့်သားများသည် လူသားမျိုးနွယ်ကို ရည်ညွှန်းသည်။ သားရဲ၏ ဘုရင်ဆိုသည်မှာ ခြင်္သေ့ကို ရည်ညွှန်း သည်။ ဤသတ္တဝါ (၄)မျိုးကို ဘုရားသခင်၏ ပလ္လင်တော်ကို ဝန်းရံထားသည်။ (ဗျာ – ၄း၇)

(တောလည်–၂း၂) ဣသရေလ လူမျိုးတို့သည် မိမိ၌ဆိုင်သောအရာ၊ ဆွေမျိုးနှင့်ဆိုင်သော အလံအနား၌ ပရိတ်သတ်တို့သည်လည်း စည်းဝေးကြသည်။ မျိုးနွယ်စု (၄)ခု သည် မောရှေ၏ တဲတော်ပတ်ပတ်လည်တွင် ဝန်းရံထားသည်။ အရှေ့ဘက်မှာ ယုဒ(ခြင်္သေ့) (ကမ္ဘာ – ၄၉း၉၊ တော – ၂း၃)၊ အနောက်ဘက် ဧဖရိန် (နွားထီး) (တရား – ၃၃း၁၇၊ တော – ၂း၁၈)၊ တောင်ဘက်၌ ရှဘင် (လူ) (ကမ္ဘာ– ၄၉း၃၊ တော – ၂း၁၀)နှင့် မြောက်ဘက်၌ ဒံ(မြွေတစ်ကောင်ချီပြီး ပျံသန်းနေသော လင်းယုန်) (ကမ္ဘာ – ၄၉း၁၇၊ တောလည် – ၂း၂၅)

ကျွန်ုပ်တို့၌ သက်သေ (၃)မျိုးရှိသည်။ မောရှေ၊ ယေဇကျေလ နှင့်ယောဟန် တို့သည် နောဧ၏ ပဋိညာဉ်၌ ပါရှိသော သတ္တဝါ(၄)မျိုးအကြောင်းကို ဖော်ပြသည်။ ဘုရားသခင်၏ ပလ္လင်တော်တစ်ဝိုက်၌ ဝိုင်းရံထားသည်။ ၎င်းသည် ကမ္ဘာ လောကတစ်ခုလုံးကို ပုံပမာပြုထားသည်။ ဘုရားသခင်သည် ဣသရေလနိုင်ငံတစ်ခု ကိုသာ ဖော်ညွှန်းခြင်းသည် ကြီးမားသော ဘုရားရှင်၏ တစ်လောကလုံးကို ကိုယ်စား ပြုထားသည်။ သမ္မာကျမ်းစာတွင် ပထမဦးဆုံး နောဧ၏ ပဋိညာဉ်၌ တစ်လောကလုံး အတွက် ဘုရားသခင်၏ အကြံအစည်တော်ဖြစ်သည်။ ရှင်ယောဟန်က (ဗျာ–၅) မှာ

ကြီးမားသော ရူပါရုံမြင်ခဲ့သည်။ (ဘုရားသခင်၏ အလိုတော်နှင့်ကိုက်ညီမှုများ) တွေ့ရှိခဲ့သည်။ နောဧ၏ ပဋိညာဉ်၌ အကြံစည်တော်အသေးစိတ်ကို ပေါင်းထည့် ထားသည်။ ဤအရာသည် အာဗြံဟံ၏ မျိုးဆက်ဖြစ်ပြီး ပထမဦးဆုံး ခန္ဓာနှင့်ဝိညာဉ် ဆိုင်သောသူ ခရစ်တော်၏ သဏ္ဍာန်တူသောသူဖြစ်သည်။

မောရှေနှင့် ပဋိညာဉ်ထားခြင်းသည် ဖြောင့်မတ်မှန်ကန်သော စံနမူနာ ဖြစ်သည်။ ပညတ်တော်(၁၀)ပါးသည် ပဋိညာဉ်ဟောင်းဖြစ်ပြီး ကတိတော် (၁၀)ပါး အဖြစ်ဖြင့် ပဋိညာဉ်တရားသစ် ဖြစ်လာခဲ့သည်။ ၎င်းတို့ ကတိတော်များမှာ လူ့အသက်ကို မသတ်ရ၊ မခိုးရ (သို့မဟုတ်) လိုချင်တပ်မက်မောခြင်း မရှိရဟု ဆိုသည်။ ဘုရားသခင်ကိုယ်တိုင် တာဝန်ယူ ဆောင်ရွက်ခြင်းကြောင့် ပြီးပြည့်စုံသည်။

ဒါဝိဒ်မင်း၏ ပဋိညာဉ်တွင် ပလ္လင်တော်ကို ထူထောင်သည်။ နိုင်ငံတော်ကို အုပ်စိုးရန် ထူထောင်သည်။ အမြင့်ဆုံးသော လွှမ်းမိုးမှုအမိန့်အားဖြင့် ယုဒအမျိုး (လူမျိုးတော်)ကို ခေါ်ခြင်းဖြစ်သည်။ ကားတိုင်ပေါ်မှ ယိုစီးလာသော ခရစ်တော်၏ အသွေးတော်အားဖြင့် ပြန်လည်ရွေးကောက်ခြင်းသည် နောက်ဆုံးသော ပဋိညာဉ် သစ်ဖြစ်သည်။ (ကောလော – ၁း၁၆–၂၀)

ကြီးမားသော ပြန်လည်သင့်မြတ်ခြင်း၌ အရာအားလုံး ဖန်ဆင်းထားသော ကောင်းကင်၌ဖြစ်စေ၊ မြေကြီး၌ဖြစ်စေ အကျိုးသက်ရောက်သည်။ ယေရှုသည် အဆုံးမှာ အာဒံ၌ ပျောက်ဆုံးသွားသောအရာများကို ပြန်လည်ရွေးနှုတ်ယူပြီး ဘုရားရှင်၏ အံ့ဖွယ်သောအကြံစည်တော်ကို တွေ့ရလိမ့်မည်။

□□□□□□□□□□□

## အခန်း(၉)
## ဒါဝိဒ်မင်းကြီး ပရောဖက်ပြုချက်များ

ဒါဝိဒ်မင်းကြီးသည် ဘုရင်ဖြစ်သကဲ့သို့ ပရောဖက်လည်းဖြစ်သည်။ ဘုရင် တစ်ဦးကဲ့သို့ သူသည် နှစ်ပေါင်းများစွာ ကိုယ်ပိုင်ထက် ဘုရားသခင်၏ နိုင်ငံတော် အတွက် ဆက်ကပ်ခဲ့သည်။ သူသည် ပဋိညာဉ်ဟောင်းမှ ပဋိညာဉ်သစ်အမြင်သို့ ပရောဖက်ပြုခဲ့သည်။

(ဆာ – ၆၆း၄)တွင် မြေကြီးသားအပေါင်းတို့သည် ကိုယ်တော်ကို ကိုးကွယ်၍ သီချင်းဆိုကြပါစေသော။ နာမတော်အား သီချင်းဆိုကြပါစေသော၊ ဘုရားသခင်အား လျှောက်ထားကြလော့ဟု ဆိုထားသည်။ (ဆာ – ၆၇)တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို သနားခြင်း ကရုဏာစိတ်ရှိသဖြင့် ကောင်းကြီးပေး၍ မျက်နှာတော်၏ အလင်းကို လွှတ်တော်မူပါစေသော။ တစ်ဖန် (ဆာ – ၆း၄)မှာ ဘုရားသခင်သည် လူကို တရားစီရင်သည်။ လူအများတို့သည် ဘုရားသခင်၏ တရားစီရင်မှုကို အလွန် ကြောက်ရွံ့ကြပြီး ဝိုကြွေးမှုဖြင့် အပြစ်တင်ကြလိမ့်မည်။ အခန်းငယ်(၇)တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကောင်းကြီးပေးသည်။

(တမန် – ၃း၂၅–၂၆) သင်တို့သည် ပရောဖက်အမျိုးအနွယ်ဖြစ်ကြ၏။ ဘုရားသခင်သည် အာဗြဟံကို သင်တို့အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ဗျာဒိတ်ထားတော်မူ၍ ငါတို့ဘိုးဘေးများကို အားပေးတော်မူသော ပဋိညာဉ် တရားတော်နှင့် သင်တို့သည် ဆိုင်ကြ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကောက်ကျစ်မှုလမ်းမှ သူ့ဆီ ပြန်လှည့်ခြင်း အားဖြင့် ကောင်းကြီးကိုပေးသည်။ ကျွန်ုပ်တို့သည် သတင်းစကားနှင့် သက်သေခံချက်ကို အခြားနိုင်ငံတော် အပေါ်သို့ရှိလိမ့်မည်။ ဘုရားသခင်၏ ကောင်းကြီးမပါဘဲ သူ့ကို ငြင်းပယ်ပြီး ကြောင်သူတော် ဖြစ်နေလိမ့်မည်။ (ဟေရှာ – ၅၂း၅၊ ရောမ– ၂း၂၄)။

(ဆာ – ၇၂း၁၁) ထိုမျှမက ရှင်ဘုရင်အပေါင်းတို့သည် ရှေ့တော်၌ ပျပ်ဝပ်၍ ခပ်သိမ်းသောလူမျိုးတို့သည် အမှုတော်ကို ထမ်းကြလိမ့်မည်။

(ဗျာ – ၁၅း၃–၄) ထိုသူတို့သည် ဘုရားသခင်၏ကျွန် မောရှေသီချင်းနှင့် သိုးသူငယ်၏ သီချင်းကို သီဆို၍ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရ အရှင်ဘုရားသခင် ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍ အံ့သြဖွယ် ဖြစ်ကြ၏။

(ဆာလံ – ၇၈း၇၁) ဣသရေလသည် သူ၏ အမွေဥစ္စာဖြစ်သည်။

(ဆာလံ – ၈၂း၈) အိုဘုရားသခင် ထ၍ မြေကြီးကို တရားစီရင်တော်မူပါ။ ကိုယ်တော်သည် လူမျိုးအပေါင်းတို့ကို အပိုင်ရတော်မူ၏။ နိုင်ငံတော်အားလုံးသည် ဘုရားသခင်၏ အမွေအနှစ် ဖြစ်သည်။ ဣသရေလ သို့မဟုတ် ယုဒအတွက်သာ မဟုတ်ချေ။ ဖြောင့်မတ်မှန်ကန်မှု၏ အမွေဆက်ခံ သကဲ့သို့ နိုင်ငံတော်အပေါ်သို့ ဘုရားသခင်ပေးလိမ့်မည်။

(ဆာလံ – ၂း၈) ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာ အဖို့ ငါပေးမည်။ ဓမ္မသစ်ကျမ်းတွင် ဣသရေလ လူမျိုးအတွက်သာ မျိုးရိုးစဉ်ဆက် အမွေခံမှုကို ပေးမည်မဟုတ်ချေ။ သို့သော် သခင်ခရစ်တော်ကို ယုံကြည်ပြီး ဖြောင့်မတ်မှန်ကန်သောသူတို့အား နိုင်ငံတော် အုပ်စိုးခြင်းအခွင့်ကို ထိုက်တန်စွာ ပေးအပ်မည်။

(မဿဲ – ၅း၅) စိတ်နူးညံ့ သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့။ သခင်ယေရှု သည် ဒါဝိဒ်၏ (ဆာလံကျမ်း – ၃၇း၁၁)ကို ရည်ညွှန်းထားသည်။

ကျွန်ုပ်တို့ တွေ့ရှိရသည်မှာ ဒါဝိဒ်မင်းကိုယ်တိုင် နိုင်ငံတော်အားလုံးသည် ဘုရားသခင်သာ ပိုင်ဆိုင်ကြောင်းနှင့် အမွေခံထိုက်ကြောင်း ပြောခဲ့သည်။ သူသည် ဤအမွေကို တရားစီရင်ခြင်း မှတစ်ဆင့် ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ဆောင်ကြဉ်း ရန် သာဖြစ်သည်။

□□□□□□□□□□□